# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၁၁)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်**

**(၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်)**

**(တနင်္လာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မူကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၁ ဦး ရှိတဲ့အနက် ၃၅၅ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၄.၃၂ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးမြင့်စိုး(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၉-၉-၂၀၁၄ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ (၁၁)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားသော လွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီဝင် ဦးမြင့်စိုးအား ခွင့်ပန်ကြားခွင့်ပြုပါရန် ရိုသေလေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျာ။ ယနေ့ ခွင့်ပန်ကြားသူ ၅၇ ဦး၊ ယခင်ခွင့်ပန်ကြားသူ ၉ ဦး စုစုပေါင်း ၆၆ ဦးရှိပါတယ်ခင်ဗျာ။ ယနေ့ခွင့်ပန်ကြားသူ ၅၇ ဦးမှာ-

(၁) ကမာရွတ်မဲဆန္ဒနယ်မှ ဒေါက်တာစိုးရင် ခွင့် ၁ ရက်၊

(၂) တွံတေးမဲဆန္ဒနယ်မှ ဦးစိုးသာ ခွင့် ၅ ရက်၊

(၃) ဟသ်ာတမဲဆန္ဒနယ်မှ ဦးဌေးဦး ခွင့် ၁ ရက်၊

(၄) မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက် ခွင့် ၁ ရက်၊

(၅) ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးတင်မောင် ခွင့် ၅ ရက်၊

(၆) အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီး ခွင့် ၅ ရက်၊

(၇) ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေ ခွင့် ၂ ရက်၊

(၈) ကန့်ဘလူမဲဆန္ဒနယ်မှ ဒေါက်တာချမ်းငြိမ်း ခွင့် ၁ ရက်၊

(၉) ဖြူးမဲဆန္ဒနယ်မှ ဦးညွန့်လှိုင် ခွင့် ၃ ရက်၊

(၁၀) ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၁ ရက်၊

(၁၁) ရေကြည်မဲဆန္ဒနယ်မှ ဦးမောင်မောင်တင် ခွင့် ၅ ရက်၊

(၁၂) ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးစိန်မြင့် ခွင့် ၁ ရက်၊

(၁၃) ဇလွန်မဲဆန္ဒနယ်မှ ဦးတင်ထွတ် ခွင့် ၁ ရက်၊

(၁၄) ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦး ခွင့် ၁ ရက်၊

(၁၅) မြောင်မဲဆန္ဒနယ်မှ ဦးအုန်းငွေ ခွင့် ၁ ရက်၊

(၁၆) မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့် ခွင့် ၁ ရက်၊

(၁၇) တောင်ကြီးမဲဆန္ဒနယ်မှ ဦးစံလင်း ခွင့် ၃၃ ရက်၊

(၁၈) ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော် ခွင့် ၂ ရက်၊

(၁၉) မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း ခွင့် ၂ ရက်၊

(၂၀) ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် ခွင့် ၂ ရက်၊

(၂၁) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးအေးနိုင် ခွင့် ၅ ရက်၊

(၂၂) ကျွန်းလှမဲဆန္ဒနယ်မှ ဦးကျော်ညွန့် ခွင့် ၁ ရက်၊

(၂၃) တန့်ဆည်မဲဆန္ဒနယ်မှ ဦးတင်မြင့် ခွင့် ၅ ရက်၊

(၂၄) မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင် ခွင့် ၅ ရက်၊

(၂၅) မင်းတုန်းမဲဆန္ဒနယ်မှ ဦးစိုးနိုင် ခွင့် ၅ ရက်၊

(၂၆) ကနီမဲဆန္ဒနယ်မှ ဦးကျန်ထွန်း ခွင့် ၁ ရက်၊

(၂၇) မုံရွာမဲဆန္ဒနယ်မှ ဦးခင်မောင်ဦး ခွင့် ၅ ရက်၊

(၂၈) ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ ခွင့် ၂ ရက်၊

(၂၉) မောင်တောမဲဆန္ဒနယ်မှ ဦးအောင်ဇော်ဝင်း ခွင့် ၅ ရက်၊

(၃၀) ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင် ခွင့် ၅ ရက်၊

(၃၁) တွင်းဇံမဲဆန္ဒနယ်မှ ဦးဟောက်ခန့်မန် ခွင့် ၁ ရက်၊

မူကြမ်း

(၃၂) နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျိုဖုန်ဆားရ် ခွင့် ၁ ရက်၊

(၃၃) မံစီမဲဆန္ဒနယ်မှ ဦးထွန်းသိန်း(ခ)ဦးထွန်းထွန်း ခွင့် ၂ ရက်၊

(၃၄) မိုင်းပြင်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် ခွင့် ၁ ရက်၊

(၃၅) မဘိမ်းမဲဆန္ဒနယ်မှ ဦးမြင့်လှိုင် ခွင့် ၅ ရက်၊

(၃၆) ဟိုပန်မဲဆန္ဒနယ်မှ ဦးကျင်ဝမ်း ခွင့် ၅ ရက်၊

(၃၇) ကုန်းကြမ်းမဲဆန္ဒနယ်မှ ဦးကျန်တဲဝမ် ခွင့် ၅ ရက်၊

(၃၈) မိုင်းတုံမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကြည် ခွင့် ၅ ရက်၊

(၃၉) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၅ ရက်၊

(၄၀) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးဝင်းသိန်း ခွင့် ၁ ရက်၊

(၄၁) ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်း ခွင့် ၅ ရက်၊

(၄၂) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမိုးကျော် ခွင့် ၂ ရက်၊

(၄၃) တီးတိန်မဲဆန္ဒနယ်မှ ဦးပုမ်ခန့်အင် ခွင့် ၁ ရက်၊

(၄၄) စဉ့်ကူးမဲဆန္ဒနယ်မှ ဦးအောင်ဆန်း ခွင့် ၁ ရက်၊

(၄၅) မိုးကုတ်မဲဆန္ဒနယ်မှ ဦးဘဌေး ခွင့် ၅ ရက်၊

(၄၆) စဉ့်ကိုင်မဲဆန္ဒနယ်မှ ဦးကြည်ပြုံး ခွင့် ၅ ရက်၊

(၄၇) တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင် ခွင့် ၅ ရက်၊

(၄၈) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင် ခွင့် ၅ ရက်၊

(၄၉) သာယာဝတီမဲဆန္ဒနယ်မှ ဦးမောင်မောင် ခွင့် ၅ ရက်၊

(၅၀) ဒေါပုံမဲဆန္ဒနယ်မှ ဦးလှမြင့် ခွင့် ၁ ရက်၊

(၅၁) ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးစီခန်ရမ် ခွင့် ၁ ရက်၊

(၅၂) ကျောက်မဲမဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ ခွင့် ၅ ရက်၊

(၅၃) ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးမင်းသူ ခွင့် ၁ ရက်၊

(၅၄) မိုးညှင်းမဲဆန္ဒနယ်မှ ဦးကျော်စိုးလေး ခွင့် ၅ ရက်၊

(၅၅) မန်တုံမဲဆန္ဒနယ်မှ ဦးအိုက်မုန်း ခွင့် ၁ ရက်၊

(၅၆) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင် ခွင့် ၁ ရက်၊

(၅၇) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးမောင်ကို ခွင့် ၁၂ ရက်တို့ဖြစ်ပါတယ်ခင်ဗျာ။ အားလုံးကို ခွင့်ပြုပေးပါရန် ရိုသေလေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျာ။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၁ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၉ ဦး၊ ယနေ့ခွင့်ပြုထားသူ ၅၇ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၆၆ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက် ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**[** သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။**]**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေပြုခေါ်ဆိုရာတွင် အစိုးရအဖွဲ့ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုလိုသည်ဟု စကားရပ်များပါဝင်ခြင်းမရှိသဖြင့် ဘယ်နည်းဘယ်ပုံထည့်သွင်းဖြည့်စွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးခမိုင်မုံကွမ် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခမိုင်မုံကွမ်(ဆွမ်ပရာဘွမ်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကြွရောက်လာသော အထူးဖိတ်ကြားထားသည့်ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ရှေးဦးစွာ

ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ဆွမ်ပရာဘွမ် မဲဆန္ဒနယ်မှ ပြည်ထောင်စုလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကချင်တိုင်းရင်းသား ဦးခမိုင်မုံကွမ်(ခေါ်)ဒူဝါခမိုင်တန် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော် မေးမြန်းတောင်းခံလိုသောကဏ္ဍ များမှာ ဥပဒေပြုပြဋ္ဌာန်းရာတွင် အပြန်အလှန်အသိအမှတ်ပြုမှုနည်းပါးသည်ဟု ထင်မြင်ယူဆတွေ့ရှိရ သဖြင့် အစိုးရအဖွဲ့ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုလိုသည်ဟူသော စကားရပ်များသာပါရှိပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ကို ချန်လှပ်ထား သည်ကို တွေ့ရှိရပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ယနေ့ ကမ္ဘာပေါ်တွင် လူ့ဘဝရှင်သန်မှုမှာ မွေးဖွားပေါက်ဖွားခြင်းရှိသော သားသမီးများ မိဘများက အပြန် အလှန်အသိအမှတ်ပြု ကင်ပွန်းတပ်၍ အတူယှဉ်တွဲနေထိုင်ကြသလို အချို့မှာ ကင်ပွန်းတပ်အသိ အမှတ်ပြုခြင်း၊ ပြုခံရခြင်းမရှိသော သားသမီး မိဘများလည်းရှိသည်ကို တွေ့ရှိရပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မိမိနိုင်ငံမှာလည်း နိုင်ငံတော်ကို သမ္မတကြီးနှင့် နာယကကြီးမှဦးဆောင်ပြီး နိုင်ငံတော်ကို တိုင်းရင်းသားများအားလုံးပါဝင်၍ စည်းလုံး ညီညွတ်စွာ တန်းတူညီတူ အခွင့်အရေးရရှိနိုင်ရေးနှင့် အတူတကွဝိုင်းဝန်းတည်ဆောက်ရာတွင် အချို့ အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုမဏ္ဍိုင်၊ တရားရေးမဏ္ဍိုင် မဏ္ဍိုင်သုံးရပ်ကို ရှေ့တန်းထား ဦးစီး ဦးဆောင်ဥပဒေပြုရာတွင် တခြားဌာန ဥပမာ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုဝန်ကြီးဌာန ကိုခေါ်ဆိုသည်ဟု ခေါ်ဆိုအသိအမှတ်ပြုလျက်ရှိသော်လည်း အစိုးရအဖွဲ့ဆိုသည်မှာ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုလိုသည်ဟုခေါ်ဆိုပြီး ပြည်ထောင်စုအစိုးရ အဖွဲ့၏သားသမီးများဖြစ်သော ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့ကို ယှဉ်တွဲခေါ်ဆိုအသိအမှတ် ပြုမှုမရှိသည်ကို သိရှိရပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ယခုလို မိမိနိုင်ငံတော်သစ် တည်ဆောက်ခြင်းနှင့်အတူ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှာ လည်း တစ်ပါတည်း တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ် ဥက္ကဋ္ဌတို့က ဦးစီးဦးဆောင်သော ဝန်ကြီးဌာနအသီးသီးတစ်ပါတည်း မွေးဖွားထွန်းလာသည်နှင့်အညီ ဒီနေ့ ဒီအခါမှာ ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဟူ၍ တစ်ပါတည်း ပေါက်ဖွားပေါ်ထွန်းလာပြီဖြစ်ပါတယ်ခင်ဗျား။ သို့သော်လည်း နိုင်ငံတော်မှဥပဒေပြု ပြဋ္ဌာန်းရာတွင် အသိအမှတ်ပြုမှုမှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဟူ၍ ပါဝင်ခြင်းမရှိသည့်အတွက် နိုင်ငံတော်အစိုးအနေ

ဖြင့် မိမိသားသမီးများဖြစ်သော်လည်း အသိအမှတ်ပြု ကင်ပွန်းတပ်ခြင်းမရှိသည်ဟု သိရှိရပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ယခုလို ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့အပေါ်မှာ အသိအမှတ်ပြုမှုနည်းပါးသဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့က လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ ပေးပိုင်ခွင့် ခွဲဝေချမှတ်ရာတွင် ခက်ခဲမှုရှိသည်ကို သိရှိရပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ယခုလို အပြန်အလှန် ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များကို ယှဉ်တွဲ၍အသိအမှတ်ပြုမှုမရှိဘဲ ပြည်ထောင်စုအစိုးရအဖွဲ့တစ်ခု တည်းကိုသာ အသိအမှတ်ပြုခေါ်တွင်ပြီး တိုင်းဒေသကြီးနှင့် အထူးသဖြင့် ပြည်နယ်အစိုးရအဖွဲ့ကို အသိအမှတ်ပြု ယှဉ်တွဲခေါ်ဆိုခြင်းမရှိလျှင် ထာဝစဉ်တည်ငြိမ်အေးချမ်းမှု ရရှိနိုင်ရေးအတွက် အနှောင့် အယှက်ဖြစ်နိုင်သည်ဟု ရှုမြင်ပါသဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် အပြန်အလှန်အသိအမှတ်ပြု ကင်ပွန်းတပ်ခြင်းနှင့်အတူ အစိုးရအဖွဲ့ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စု အစိုးရအဖွဲ့နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုလိုသည်ဟု ဖြည့်စွက်ထည့်သွင်းပေး ပါရန်တင်ပြတောင်းခံရင်း သမ္မတကြီးနှင့် နာယကကြီးမှ ဦးဆောင်သော မဏ္ဍိုင်သုံးရပ်အနေဖြင့် ယခုလိုတင်ပြတောင်းခံမှုအပေါ် ဘယ်နည်းဘယ်ပုံထည့်သွင်းဖြည့်စွက်ပေးမည်ကို သိလိုပါသဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ဖြေကြားပေးပါရန် ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းတောင်းခံရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးထွန်းထွန်းဦး(ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးကို ကျွန်တော် ဒုတိယ ရှေ့နေချုပ် ဦးထွန်းထွန်းဦးမှ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကချင်ပြည်နယ်၊ ဆွမ်ပရာဘွမ် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခမိုင်မုံကွမ်(ခေါ်)ဒူဝါခမိုင်တန်ရဲ့ နိုင်ငံတော်အစိုးရရဲ့ အပြန်အလှန်အသိအမှတ်ပြုမှုကို အခြေခံပြီးတော့ နိုင်ငံတော်အစိုးရအနေနဲ့ ဥပဒေပြုခေါ်ဆိုရာမှာ အစိုးရအဖွဲ့ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်နယ် နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုလိုသည်ဟု စကားရပ်များ ပါဝင်ခြင်းမရှိသဖြင့် ဘယ်နည်းဘယ်ပုံ ထည့်သွင်းဖြည့်စွက်ပေးမည်ကို သိလိုကြောင်း မေးတဲ့မေးခွန်းအပေါ် ဖြေကြားတင်ပြအပ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၇ ပုဒ်မခွဲ(က)မှာ နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေးအာဏာကို ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များကို ခွဲဝေအပ်နှင်းပြီးဖြစ်တဲ့အတွက်ကြောင့် ပြည်ထောင်စုရဲ့ အုပ်ချုပ်ရေးအာဏာကို ပြည်ထောင်စုအစိုးရအဖွဲ့ကလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲ့အုပ်ချုပ်ရေးအာဏာကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က လည်းကောင်း ကျင့်သုံးလျက်ရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁၆ အရ ပြည်ထောင်စုရဲ့ အုပ်ချုပ်မှုအာဏာဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်မဆန့်ကျင်လို့ရှိရင် ပြည်ထောင်စု လွှတ်တော်က ဥပဒေပြုနိုင်တဲ့ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို သက်ရောက်ပျံ့နှံ့ပါတယ်။ အလားတူပဲ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၉ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရဲ့ အုပ်ချုပ်မှု အာဏာဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဥပဒေပြုနိုင်တဲ့ကိစ္စရပ်များကို သက်ရောက်ပျံ့နှံ့ပြီး ပြည်ထောင်စုဥပဒေ တစ်ရပ်ရပ်အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကို ဆောင်ရွက်ခွင့်ပြုတဲ့ကိစ္စရပ်များ ကိုလည်းသက်ရောက်ပျံ့နှံ့ပါတယ်။

ဥပဒေအချို့ပြဋ္ဌာန်းတဲ့နေရာမှာ အဓိပ္ပာယ်ဖော်ပြချက်မှာ အစိုးရအဖွဲ့ဆိုသည်မှာ ပြည်ထောင်စု အစိုးရအဖွဲ့ကိုဆိုသည်ဟု ဖော်ပြခြင်းသည် ယင်းဥပဒေပါပြဋ္ဌာန်းချက်များ၌ ပြည်ထောင်စုအစိုးရအဖွဲ့ ကိုဆိုလိုသည့်အခါတိုင်း အတိုကောက်သုံးနှုန်းဖော်ပြနိုင်ရန် အဓိပ္ပာယ်ဖွင့်ဆိုခြင်းဖြစ်ပါတယ်။ ဥပဒေ ရေးထုံးရေးနည်းအရ ယခုလိုရေးသားခြင်းဟာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကို အသိအမှတ်မပြုတဲ့သဘောမဟုတ်ဘဲ သက်ဆိုင်ရာဥပဒေအရ ဆိုလိုရင်းကို ရှင်းလင်းစွာ ပေါ်လွင်စေ ရန် ရေးသားခြင်းဖြစ်ပါတယ်။ ဥပဒေတစ်ရပ်မှာ အထက်ပါကဲ့သို့ အဓိပ္ပာယ်ဖွင့်ဆိုမှုဖော်ပြမထားပါက ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆောင်ရွက်ခွင့်ပြုတဲ့ကိစ္စရပ်များပါရှိပါက ယင်းဥပဒေပြဋ္ဌာန်းချက်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ဟုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကို ဆောင်ရွက်ခွင့်ပြုတဲ့ကိစ္စရပ်များပါရှိပါက ယင်းဥပဒေပြဋ္ဌာန်းချက်မှာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ဟုလည်းကောင်း အမည်အပြည့်အစုံဖော်ပြ၍ ပြဋ္ဌာန်းလေ့ရှိပါတယ်။ ဒီအချက်နှင့်စပ်လျဉ်း ပြီးတော့ အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၅ မှာ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့က မှတ်ပုံတင်အဖွဲ့များဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ အစိုးရအဖွဲ့နှစ်ခုလုံးကို အပြည့်အစုံပင် သုံးနှုန်းဖော်ပြပါရှိပါကြောင်း၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲ မှုဆိုင်ရာဥပဒေ ပုဒ်မ ၇ မှာ ပြည်ထောင်စုအစိုးရအဖွဲ့ဟုလည်းကောင်း၊ ပုဒ်မ ၈ မှာ တိုင်းဒေသကြီး

သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဟုလည်းကောင်း တာဝန်နှင့် လုပ်ပိုင်ခွင့်အပ်နှင်းခြင်းဆိုင်ရာပြဋ္ဌာန်းချက်မှာဖော်ပြထားတာ တွေ့ရှိရပါတယ်။

ထို့အတူပဲ ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဆိုင်ရာဥပဒေ ပုဒ်မ ၃၀ ပါ အမျိုးသားကော်မတီရဲ့ ကုန်ကျစရိတ်အဝဝကို ပြည်ထောင်စုအစိုးရအဖွဲ့မှလည်းကောင်း၊ တိုင်းဒေသကြီးကော်မတီနှင့် ပြည်နယ်ကော်မတီတွေရဲ့ ကုန်ကျစရိတ်အဝဝကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့၏ အရအသုံးခန့်မှန်းခြေငွေစာရင်းမှလည်းကောင်း ကျခံရမည်ဖြစ်ကြောင်းပြဋ္ဌာန်းချက်မှာလည်းကောင်း၊ မြန်မာ့အထူးစီးပွားရေးဇုန် ပုဒ်မ ၃၉ ပုဒ်မခွဲ(ခ)မှာ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့က ရင်းနှီးတည်ဆောက်သူအဖြစ်ဆောင်ရွက်ခွင့်ရှိခြင်းနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းရာမှာလည်းကောင်း ပြည်ထောင်စုအစိုးရအဖွဲ့နှင့်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဆိုတဲ့ စကားရပ်များ ဖော်ပြပြဋ္ဌာန်းထားတာကို တွေ့ရှိနိုင်ပါတယ်။

ဒီဥပဒေတွေအပြင် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ အမျိုးသားစီမံကိန်းဥပဒေ၊ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေး၊ ဖွံ့ဖြိုးရေးဥပဒေ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအပါအဝင် အခြားဥပဒေတွေမှာလည်း ပြည်ထောင်စုအစိုးရအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့်စပ်လျဉ်းပြီးတော့ ပြဋ္ဌာန်းချက်တွေကို တွေ့ရှိနိုင်ပါတယ်။ ဥပဒေအချို့ပြဋ္ဌာန်းတဲ့နေရာမှာ အစိုးရအဖွဲ့ဆိုတဲ့စကားရပ်နှင့်စပ်လျဉ်းပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ကိုဆိုလိုပါက ပြည်ထောင်စုအစိုးရအဖွဲ့အားဆိုကြောင်းကိုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကိုဆိုလိုပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကိုဆိုကြောင်းကိုလည်းကောင်း ရှင်းလင်းစွာသိရှိနိုင်ရန် ဥပဒေရေးထုံးအရ အဓိပ္ပာယ်ဖွင့်ဆိုရေးသားကြခြင်းဖြစ်ပါတယ်။ ဥပဒေတစ်ရပ်မှာ အစိုးရအဖွဲ့ဆိုတဲ့စကားရပ်ဟာ ယင်းဥပဒေရဲ့ဆိုလိုရင်းအရ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်အစိုးရအဖွဲ့နှစ်ခုလုံးကို ဆိုလိုတဲ့အခါမျိုးမှာဆိုရင်တော့ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အတိုင်း အစိုးရအဖွဲ့ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုလိုကြောင်း ဥပဒေရေးထုံးအရ ရေးသားပြဋ္ဌာန်းနိုင်မှာဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မြန်မာနိုင်ငံတွင် သန့်ရှင်းသောအစိုးရ စဉ်ဆက်မပြတ်ဖြစ်ပေါ်စေရန် Procurement Law ရေးဆွဲပြဋ္ဌာန်းရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးတင်မောင်ဦး၊ ရွှေပြည်သာမဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီမိုကရေစီဖော်ဆောင်တဲ့ နိုင်ငံပေါင်း ၈၀ ကျော်မှာ လက်ရှိအသုံးပြုနေတဲ့ Procurement Law နဲ့ပတ်သက်လို့ မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမိုကရေစီဖော်ဆောင်တဲ့နိုင်ငံတိုင်းသည် (၁) အစိုးရအားကောင်းအောင် ပထမအဆင့်ပြုလုပ်ကြရမှာဖြစ်ပါတယ်။ ပြီးတဲ့အခါမှာ ပြည်သူများပါဝင်တဲ့ အသင်းအဖွဲ့များအားကောင်းဖို့အတွက် ဒုတိယအဆင့်မှာ ပြုလုပ်ပါတယ်။ ဒါပြီးတဲ့အခါမှာ အစိုးရနှင့်အသင်းအဖွဲ့များပေါင်းပြီးတော့ (OGP) Open Government Partnership အဖွဲ့ဝင်နိုင်ငံဖြစ်ဖို့ ကြိုးစားကြရပါတယ်။ ဒီအဆင့်တွေလွန်မြောက်ပြီးတဲ့အခါမှာ Clean Government ဖြစ်ဖို့အတွက် နိုင်ငံအသီးသီးက နေပြီးတော့ ဒီ Procurement Law ကို ရေးဆွဲပြီးတော့ ဆောင်ရွက်ကြပါတယ်။ ဒီ Law ထုတ်ပြန်ခြင်းအားဖြင့် နှစ်စဉ် လွှတ်တော်တွေမှာကျင်းပနေတဲ့ ဘတ်ဂျက်တွေ၊ ဝန်ကြီးဌာနအသီးသီးက ဝယ်ယူသုံးစွဲနေတဲ့ပစ္စည်းတွေမှာ အခက်အခဲမရှိဘဲနဲ့ အစိုးရအနေနဲ့ ထင်သာမြင်သာ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ မေးမြန်းလိုတဲ့မေးခွန်းကတော့ ကမ္ဘာပေါ်မှာရှိတဲ့ ဒီမိုကရေစီဖော်ဆောင်တဲ့နိုင်ငံ ၈၀ ခန့်မှာ နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံတော်ရဲ့ဘတ်ဂျက်ကနေ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေမှာ လိုအပ်တဲ့စက်ကိရိယာတွေ၊ ပစ္စည်းတွေ အခြားနိုင်ငံကနေ ဝယ်ယူကြတဲ့အခါမှာ ပွင့်လင်းမြင်သာမှု၊ ရိုးသားမှု၊ ယှဉ်ပြိုင်မှု၊ ဈေးနှုန်းမျှတမှု၊ ပစ္စည်းအရည်အသွေးကောင်းမွန်မှု၊ လာဘ်ပေးလာဘ်ယူမှု ပပျောက်စေလိုမှုတို့ကို ရည်ရွယ်ပြီးတော့ နိုင်ငံတကာအစိုးရကဏ္ဍများရဲ့ ပစ္စည်းဝယ်ယူရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့် ပြဋ္ဌာန်းထားတဲ့ဥပဒေများပါဝင်တဲ့ Procurement Law ကို ရေးဆွဲပြဋ္ဌာန်းလျက်ရှိကြောင်း တွေ့ရပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ယနေ့ အဖက်ဖက်မှာ ပြောင်းလဲတိုးတက်လာတဲ့အချိန်မှာ သန့်ရှင်းတဲ့အစိုးရ စဉ်ဆက်မပြတ်ဖြစ်ပေါ်ဖို့အတွက် များစွာ အထောက်အကူပြုနိုင်တဲ့ ဒီဥပဒေကို ရေးဆွဲထုတ်ပြန်ဖို့ အစီအစဉ်ရှိ/မရှိနှင့် ဘယ်ကာလမှာ၊

အနာဂတ်မှာထုတ်ပြန်ဖို့ ဆောင်ရွက်နိုင်တဲ့အခြေအနေရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရှေ့နေချုပ်ရုံးက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးထွန်းထွန်းဦး(ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦး၏ မြန်မာနိုင်ငံမှာ သန့်ရှင်းသောအစိုးရ စဉ်ဆက်မပြတ်ဖြစ်ပေါ်စေရန် များစွာအထောက်အကူဖြစ်စေသော Procurement Law ရေးဆွဲပြဋ္ဌာန်းရန် အစီအစဉ်ရှိ/မရှိ၊ ရှိပါက မည်သို့ပြင်ဆင်မှုများ ဆောင်ရွက်ထားပြီး မည်သည့်အချိန်တွင် ရေးဆွဲပြဋ္ဌာန်းရန် ရည်ရွယ်ထားသည်ကို သိလိုကြောင်း မေးမြန်းတဲ့မေးခွန်းကို ဖြေကြားတင်ပြအပ်ပါတယ်။ ဒီမေးခွန်းနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့တာဝန်ပေးချက်အရ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့ ပေါင်းစပ်ညှိနှိုင်း၍ဖြေကြားခြင်းဖြစ်ပါကြောင်း ဦးစွာတင်ပြအပ်ပါတယ်။

အစိုးရပစ္စည်းဝယ်ယူရေးဆိုသည်မှာ အစိုးရပစ္စည်းများဝယ်ယူဖို့အတွက် ပြည်သူအတွင်း အစိုးရကိုယ်စား အခွင့်ရအရာရှိက တင်ဒါခေါ်ယူ၍ ဝယ်ယူခြင်းဖြစ်ပါတယ်။ Government Procurement ဆိုသည်မှာ နိုင်ငံတော်အစိုးရ၏အဖွဲ့အစည်းများက ကူးသန်းရောင်းဝယ်ရေးပြုလုပ်ရန် မဟုတ်ဘဲ ၎င်းတို့ကိုယ်တိုင်အသုံးပြုရန်အတွက် ဝယ်ယူသောပစ္စည်းနှင့်ဝန်ဆောင်မှုများဖြစ်ကြောင်း General Agreement on Tariffs Trade (GATT)1947 မှာ အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ အဆိုပါစာချုပ်အရ နိုင်ငံခြားသားနှင့် ပြည်တွင်း Supplier များအား အခွင့်အရေး တန်းတူပေးရန်နှင့် မြန်ဆန်သွက်လက်မှုရှိသော ဝယ်ယူမှုဖြစ်စေရန်အတွက် အစိုးရအေဂျင်စီများသည် ပွင့်လင်းမြင်သာမှုရှိစေရန် တင်ဒါခေါ်ယူသည့်နည်းလမ်းသုံးခုရှိသည့်အနက် တစ်ခုခုကို ရွေးချယ်ဆောင်ရွက်လျက်ရှိပါတယ်။ တင်ဒါခေါ်ယူရာမှာ ပထမနည်းလမ်းမှာ စိတ်ဝင်စားသူ Supplier အားလုံးကို တင်ဒါခေါ်ယူခြင်း၊ ဒုတိယနည်းလမ်းမှာ အရည်အချင်းပြည့်မီသူကိုသာ ရွေးချယ်ခေါ်ယူခြင်းနှင့် တတိယနည်းလမ်းမှာ အထူးကိစ္စရပ်အနေဖြင့် သတ်မှတ်ထားသော Supplier နှင့် တိုက်ရိုက်ညှိနှိုင်းဝယ်ယူခြင်းတို့ဖြစ်ပါတယ်။

လက်ရှိအခြေအနေမှာ နိုင်ငံတော်သမ္မတရုံးမှ ထုတ်ပြန်သည့် ၅-၄-၂၀၁၃ ရက်စွဲပါ တင်ဒါစည်းကမ်းချက်များနှင့်အညီ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများမှ သတင်းစာမှာ ထည့်သွင်း၍ အိတ်ဖွင့်တင်ဒါခေါ်ယူပြီး ပွင့်လင်းမြင်သာမှုရှိစေရန် တစ်ပြေးညီဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ အစိုးရက ပစ္စည်းဝယ်ယူခြင်းဟာ အလွန်အရေးကြီးတဲ့ကိစ္စရပ်ဖြစ်ပါတယ်။ အစိုးရက ပစ္စည်းဝယ်ယူခြင်းဟာ စီးပွားရေးနယ်ပယ်တစ်ခုလုံးအပေါ်မှာလည်းကောင်း၊ စီးပွားရေးအကျိုးဖြစ်ထွန်းမှုအပေါ်မှာလည်းကောင်း၊ အခွန်အကောက်ဆိုင်ရာအဆင့်အတန်းကိုလည်းကောင်း၊ နိုင်ငံတော်ရဲ့ရေရှည်အကျိုးဖြစ်ထွန်းမှုအပေါ်မှာလည်းကောင်း အကျိုးသက်ရောက်မှုရှိသကဲ့သို့ ဈေးကွက်စီးပွားရေးယှဉ်ပြိုင်မှုကိုလည်း ဖြစ်ထွန်းပေါ်ပေါက်စေပါတယ်။ ယှဉ်ပြိုင်မှုဟာ အကောင်းဆုံးပစ္စည်းကို ရရှိစေသကဲ့သို့ ဝယ်ယူပြီးမှရရှိသော ဝန်ဆောင်မှုလုပ်ငန်းကောင်းများကိုလည်း ရရှိစေသည့်အပြင် ငွေကြေးဖောင်းပွမှု၊ အဂတိလိုက်စားမှုတို့ကိုလည်း တိုက်ဖျက်ရာရောက်ပါတယ်။ ယှဉ်ပြိုင်မှု၊ ပွင့်လင်းမြင်သာမှုတို့ဟာ ဈေးကွက်စီးပွားရေးစနစ်မှာ အဓိကကျတဲ့သော့ချက်များဖြစ်သလို အခြေခံအုတ်မြစ်လည်းဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅ အရ မြန်မာနိုင်ငံဟာ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးတဲ့နိုင်ငံဖြစ်ပါတယ်။ ယခုအခါ ကျွန်တော်တို့နိုင်ငံမှာ ပြုပြင်ပြောင်းလဲမှု တတိယအဆင့်မှာ ရောက်ရှိနေပြီး စီးပွားရေးအရှိန်မြှင့်တင်ဆောင်ရွက်ဖို့အတွက် ကြိုးပမ်းဆောင်ရွက်ရမယ့်အချိန်အခါဖြစ်တဲ့အတွက်ကြောင့် လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အတိုင်း နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ရဲ့ဘတ်ဂျက်မှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် လိုအပ်တဲ့ စက်ကိရိယာများ၊ ပစ္စည်းများကို အခြားနိုင်ငံများမှဝယ်ယူရာမှာ ပွင့်လင်းမြင်သာမှု၊ ယှဉ်ပြိုင်မှု၊ ပစ္စည်းအရည်အသွေးကောင်းမွန်မှု၊ အဂတိလိုက်စားမှုများကို ပပျောက်စေလိုမှုတို့ကို ရည်ရွယ်သော အစိုးရကဏ္ဍများ၏ ပစ္စည်းဝယ်ယူခြင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်းသည့် Government Procurement Law တစ်ရပ် ရေးဆွဲပြဋ္ဌာန်းရန်လိုအပ်သည်မှာ အမှန်ပင်ဖြစ်ပါတယ်။ ယင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ စီမံခန့်ခွဲမှုပြုသည့်ဝန်ကြီးဌာနမှာ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဖြစ်ပါတယ်။

မိမိတို့နိုင်ငံအနေဖြင့် ယခင်က အဆိုပါ ဥပဒေမျိုးပြဋ္ဌာန်းခဲ့ဖူးခြင်း မရှိသေးသဖြင့် ယင်းဘာသာရပ်သည် မိမိတို့နိုင်ငံအတွက် အကြောင်းအရာသစ်တစ်ရပ်ဖြစ်ပါတယ်။ သို့ဖြစ်၍ ကောင်းမွန်တဲ့ အစိုးရပစ္စည်းဝယ်ယူရေးဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကူးသန်းရောင်းဝယ်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာဥပဒေအမြင်များကိုလည်း ကြည့်ရှုရန်လိုအပ်မှာဖြစ်ပါတယ်။ ၁၉၉၅ ခုနှစ်မှ စတင်

ပြီး ကုလသမဂ္ဂအထွေထွေညီလာခံမှ ကုန်စည်ဝယ်ယူရေးနှင့်ပတ်သက်သော အစီအစဉ် ၁၃၈ အရ ကုလသမဂ္ဂ၏ (၆)ကြိမ်မြောက်စာတမ်းဖြစ်သော A/49/739၊ အစိုးရအဖွဲ့များ၏ ပစ္စည်းဝယ်ယူရေးနှင့်စပ်လျဉ်းသော ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ သဘောတူညီချက်အပြီး ပြည်သူ့ပစ္စည်းဝယ်ယူမှု နမူနာပုံစံ UNCITRAL Model Law on Public Procurement နှင့် ၎င်းဥပဒေ နမူနာပုံစံနှင့်စပ်လျဉ်းသော ကုလသမဂ္ဂအထွေထွေညီလာခံ၏ဆုံးဖြတ်ချက်အမှတ် (၂၂၀၅)တို့ကိုလည်း လေ့လာဖို့လိုအပ်ပါတယ်။ ယင်းတို့ဟာ ပစ္စည်းဝယ်ယူမှုစနစ်ကို ခေတ်မီအောင်ပြုပြင်ပြောင်းလဲရာမှာ လမ်းညွှန်များဖြစ်ပါတယ်။ အစိုးရပစ္စည်းဝယ်ယူခြင်းဆိုင်ရာကိစ္စရပ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြည်ပြည်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို လေ့လာသိရှိနိုင်ရန် ဆွေးနွေးပွဲများကို ၂၀၁၄ ခုနှစ်၊ ဇူလိုင် ၂၈၊ ၂၉ ရက်နေ့များမှာ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် USaid အဖွဲ့တို့ပူးပေါင်းပြီးတော့လည်း ပြုလုပ်ခဲ့ပါသေးတယ်။ ယခုကဲ့သို့ကိစ္စမျိုးမှာ အပြည်ပြည်ဆိုင်ရာဥပဒေများကို စံထား၍ ပြည်တွင်းဥပဒေများကို ပြဋ္ဌာန်းလေ့ရှိကြတဲ့အတွက်ကြောင့် ယင်းဥပဒေများကိုလည်း လေ့လာဖို့လိုအပ်မှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ Government Procurement နဲ့စပ်လျဉ်းပြီး အပြည်ပြည်ဆိုင်ရာဥပဒေများ နိုင်ငံတကာမှာကျင့်သုံးလျက်ရှိတဲ့ ဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များကို လေ့လာပြီး မူဝါဒများချမှတ်ပြီးမှသာ ဥပဒေ၊ နည်းဥပဒေများကို အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက ရေးဆွဲပြဋ္ဌာန်းရန်ရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီမှုရှိစေရန်အတွက် အင်္ဂလိပ်စာဖြင့် ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေများအား မြန်မာစာ(မြန်မာဘာသာ) ပြန်ဆို၍ မဖြစ်နိုင်သည်မှအပ အတတ်နိုင်ဆုံး မြန်မာစာဖြင့် ပြင်ဆင်ချက်မူကြမ်း ရေးသားတင်သွင်းစေရန် လွှတ်တော်အပါအဝင် သက်ဆိုင်ရာအဖွဲ့အစည်းများမှ ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးသောင်းဟန်၊ ယင်းမာပင်မဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသောင်းဟန်(ယင်းမာပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေပြုရေးဆိုင်ရာနှင့်စပ်လျဉ်းတဲ့ မေးခွန်းတစ်ခုကို တင်သွင်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ ဖြတ်သန်းခဲ့ရတဲ့ သမိုင်းပေးအခြေအနေအရ အင်္ဂလိပ်ဘာသာနဲ့ ရေးသားပြဋ္ဌာန်းခဲ့တဲ့ဥပဒေအချို့ကို ယနေ့တိုင် တည်ဆဲဥပဒေအဖြစ်လက်ခံကျင့်သုံး နေကြရပါတယ်။ အခုလို အင်္ဂလိပ်ဘာသာနဲ့ပြဋ္ဌာန်းထားတဲ့ တည်ဆဲဥပဒေများရဲ့ အစိတ်အပိုင်းတစ်ခုခုကို

ဖြစ်စေ၊ ပြဋ္ဌာန်းချက်တစ်ခုလုံးကိုဖြစ်စေ ပြင်ဆင်ပြဋ္ဌာန်းချက်အဆိုမူကြမ်းကို အတတ်နိုင်ဆုံး မြန်မာဘာသာနဲ့ရေးသားတင်သွင်းခြင်းဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁၅)၊ ပုဒ်မ ၄၅၀ မှာ ပြဋ္ဌာန်းထားတဲ့ မြန်မာစာသည် ရုံးသုံးစာဖြစ်သည်ဆိုတဲ့ ပြဋ္ဌာန်းချက်ကို လိုက်နာရာကျပြီးတော့ ဥပဒေနှင့်ကိုက်ညီမှာလည်း ဖြစ်ပါတယ်။ အဲ့ဒီလိုပြင်ဆင်ပြဋ္ဌာန်းတဲ့အခါမှာ မြန်မာစာနဲ့ပြဋ္ဌာန်းခြင်းအားဖြင့်လည်း ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်တွေဟာ ထဲထဲဝင်ဝင်နားလည်သဘောပေါက် ပါဝင်ဆွေးနွေးလာနိုင်ပြီးတော့ ပြဋ္ဌာန်းချက်ကို လိုက်နာရမယ့်ပြည်သူများကလည်း ရှင်းလင်းတိကျစွာ သိရှိလာနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် ဆွေးနွေးညှိနှိုင်းကြတဲ့၊ ဆုံးဖြတ်ကြတဲ့အခါမှာ လွှတ်တော်ရဲ့အချိန်တွေကြန့်ကြာကုန်ဆုံးမှုမရှိဘဲ အလွယ်တကူဆုံးဖြတ်အတည်ပြုနိုင်တဲ့ အကျိုးကျေးဇူးများလည်း လွှတ်တော်နှင့်ပြည်သူများ ရရှိလာဦးမှာ ဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော့်အနေနဲ့ အောက်ပါမေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်သွင်းသွားမှာဖြစ်ပါတယ်။ အင်္ဂလိပ်စာဖြင့် ပြဋ္ဌာန်းထားခဲ့သည့် တည်ဆဲဥပဒေများအား ပုဒ်မ၊ ပုဒ်မခွဲ၊ စကားစု၊ စကားလုံးများကို ပြင်ဆင်ချက်အဆိုမူကြမ်း တင်သွင်းရာတွင် မြန်မာဘာသာပြန်ဆို၍ မဖြစ်နိုင်သည်မှအပ အတတ်နိုင်ဆုံး မြန်မာစာဖြင့် ပြင်ဆင်ချက်မူကြမ်း ရေးသားတင်သွင်းစေရန် လွှတ်တော်အပါအဝင် သက်ဆိုင်ရာအဖွဲ့အစည်းများမှ ဆောင်ရွက်ပေးသွားရန် အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်သွင်းမေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရှေ့နေချုပ်ရုံးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးထွန်းထွန်းဦး(ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းဟန်၏မေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားတင်ပြပါ့မယ်။ အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားတဲ့ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်းပြုရာမှာ ဥပဒေကိုစီမံခန့်ခွဲတဲ့ သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများက ပြင်ဆင်တဲ့ဥပဒေ(မူကြမ်း)ကို ပြုစုပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လွှတ်တော်ဆိုင်ရာဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာလွှတ်တော်သို့ တင်သွင်းရပါတယ်။ သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းက ပြင်ဆင်တဲ့ဥပဒေ(မူကြမ်း)ကို ပြုစုရာမှာ တည်ဆဲမူရင်းဥပဒေဟာ အင်္ဂလိပ်ဘာသာဖြင့်ရှိနေခြင်းကြောင့် ပြင်ဆင်တဲ့၊ ဖြည့်စွက်တဲ့၊

အစားထိုးတဲ့စကားရပ်များကို အင်္ဂလိပ်ဘာသာဖြင့်ပင် ဖော်ပြရပါတယ်။ ဒီလိုပြင်ဆင်တဲ့ဥပဒေအရ သက်ဆိုင်ရာစကားရပ်များကို တည်ဆဲမူရင်းဥပဒေအပေါ်မှာ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်းပြုရတာဖြစ်ရာ အဆိုပါ ပြင်ဆင်တဲ့၊ ဖြည့်စွက်တဲ့၊ အစားထိုးတဲ့ စကားရပ်များကို အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြပြဋ္ဌာန်းမှသာလျှင်လည်း ဆီလျော်မှုရှိမှာ ဖြစ်ပါတယ်။ အကယ်၍ ပြင်ဆင်တဲ့ဥပဒေအရ ပြင်ဆင်သော၊ ဖြည့်စွက်သော၊ အစားထိုးသောစကားရပ်ကို မြန်မာဘာသာဖြင့် ဖော်ပြပြဋ္ဌာန်းပါက အင်္ဂလိပ်ဘာသာဖြင့်ရှိနေသည့် တည်ဆဲမူရင်းဥပဒေအပေါ်တွင် မြန်မာဘာသာဖြင့် ပြင်ဆင်၊ ဖြည့်စွက်၊ အစားထိုးရန်မှာ လိုက်လျောညီထွေဖြစ်မည် မဟုတ်ကြောင်း တင်ပြအပ်ပါတယ်။

အင်္ဂလိပ်ဘာသာဖြင့် ရှိနေတဲ့တည်ဆဲဥပဒေတစ်ရပ်ကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်းပြုရာတွင် အစားထိုးသောစကားရပ်ကို အင်္ဂလိပ်ဘာသာဖြင့်ပင် ဖော်ပြသည့် ရေးထုံးရေးနည်းသည် အစဉ်ကျင့်သုံးဆောင်ရွက်ခဲ့တဲ့ နည်းလမ်းလည်းဖြစ်ပါတယ်။ သို့ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၅၀ ပါ မြန်မာစာသည် ရုံးသုံးစာဖြစ်သည် ဆိုသည့် ပြဋ္ဌာန်းချက်နှင့်အညီ အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေများကို မြန်မာဘာသာသို့ ပြန်ဆိုနိုင်ရေးအတွက် ဥပဒေများဘာသာပြန်ဆိုရေးကော်မရှင် ဥပဒေကို ပြဋ္ဌာန်းနိုင်ရန် လွှတ်တော်ဥပဒေကြမ်းကော်မတီများက စိစစ်ဆောင်ရွက်လျက်ရှိပါတယ်။ ယင်းဥပဒေ အတည်ပြုပြဋ္ဌာန်းပြီးသည့်အခါ ယင်းဥပဒေအရ ဖွဲ့စည်းသည့် ဥပဒေဘာသာပြန်ကော်မရှင်က အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော ဥပဒေများကို မြန်မာဘာသာသို့ ပြန်ဆိုဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဥပဒေဘာသာပြန်ကော်မရှင်က မြန်မာဘာသာပြန်ဆိုချက်ဟာ အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားတဲ့တည်ဆဲဥပဒေကဲ့သို့ ဥပဒေအာနိသင်ရှိမှာ ဖြစ်ပါတယ်။ မြန်မာဘာသာပြန်ဆိုပြီးတဲ့ ဥပဒေများကို ပြင်ဆင်၊ ဖြည့်စွက်၊ အစားထိုးရာတွင်မူ ပြင်ဆင်တဲ့ဥပဒေ(မူကြမ်း)မှာ မြန်မာဘာသာဖြင့် ပြင်ဆင်၊ ဖြည့်စွက်၊ အစားထိုးဖော်ပြပြဋ္ဌာန်းနိုင်မှာ ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ခန္တီးမြို့တွင် ခရိုင်ဥပဒေရုံးနှင့် မြို့နယ်ဥပဒေရုံးအဆောက်အအုံများ ဆောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးလှထွန်း၊ ခန္တီးမဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးလှထွန်း(ခန္တီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်း

တောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီး မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ခန္တီးခရိုင်၊ ခန္တီးမြို့နယ်အတွင်း အစောဆုံး ရုံးဖွင့်လှစ်ခဲ့တဲ့အထဲမှာ ခရိုင် ဥပဒေ၊ မြို့နယ်ဥပဒေများ ပါဝင်ခဲ့တာကို တွေ့ရပါတယ်။ သို့ရာတွင် အဲ့ဒီရုံးများအနေနဲ့ ယနေ့တိုင် အောင် ရုံးတွေမရှိသေးတဲ့အတွက်ကြောင့် ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ အောက် ထပ်မှာ ၁၀ ပေခန်းစီရှိတဲ့နေရာတွေမှာ ရုံးဖွင့်လှစ်နေတာကို တွေ့ရပါတယ်။ သာမန်အချိန်မှာ ရုံးလုပ်ငန်းများဆောင်ရွက်တဲ့နေရာမှာ အခက်အခဲမရှိသော်လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ တရားခံအနေနဲ့ ဥပဒေအကြံဉာဏ်များရယူတဲ့အခါမှာ နေရာထိုင်ခင်းများစွာ အခက်အခဲရှိနေတာကို တွေ့ရပါတယ်။ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်း၊ မြေစာရင်းဌာနများအနေနဲ့လည်း လက်ရှိဌာန အသစ်များနေရာချပေးလျက်ရှိတဲ့ လေယာဉ်ကွင်းရဲ့အရှေ့ဘက် ခန္တီး-ဟုမ္မလင်းကားလမ်းဘေးမှာ နေရာသတ်မှတ်ထားပြီးသားလည်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ခရိုင်ဥပဒေ၊ မြို့နယ်ဥပဒေရုံးများဆောက်လုပ်ဖို့အတွက် မည်သည့်ဘဏ္ဍာနှစ်တွင် ရန်ပုံငွေများချမှတ်၍ အဆောက်အဦများဆောက်လုပ်သွားမည်ကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေ ူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးထွန်းထွန်းဦး (ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ စစ်ကိုင်းတိုင်း ဒေသကြီး၊ ခန္တီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းရဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့မှာ ခရိုင်ဥပဒေရုံးနဲ့ မြို့နယ်ဥပဒေရုံး အဆောက်အအုံများမရှိသဖြင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးအောက်ထပ်မှာ ကျဉ်းကြပ်စွာဖြင့် ရုံးဖွင့်လှစ်လျက် လုပ်ငန်းများဆောင်ရွက်နေရပါသဖြင့် ခရိုင်ဥပဒေရုံးနဲ့ မြို့နယ်ဥပဒေရုံး ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်းနဲ့စပ်လျဉ်းပြီးတော့ ကျွန်တော် ဖြေကြားတင်ပြအပ်ပါတယ်။ ပြည်ထောင်စုရှေ့နေချုပ်ရုံးလက်အောက်မှာ မြို့နယ်ဥပဒေရုံး ၃၁၉ ရုံးရှိသည့်အနက်မှာ အစိုးရခွင့်ပြုငွေနဲ့ ဆောက်လုပ်ခွင့်ပြုခဲ့တဲ့ မြို့နယ်ဥပဒေရုံး ၂၃၂ ရုံးရှိ ပြီးတော့ ခန္တီးမြို့နယ်ဥပဒေရုံးအပါအဝင် အဆောက်အအုံ ငှားရမ်းဖွင့်လှစ်တဲ့ ရုံး ၈၇ ရုံးရှိပါတယ်။ ခန္တီးခရိုင်ဥပဒေရုံးနဲ့ မြို့နယ်ဥပဒေရုံးတွေကို ခန္တီးမြို့၊ ဇီးဖြူကုန်းရပ်ကွက်မှာရှိတဲ့ အထွေထွေအုပ်ချုပ်

ရေးဦးစီးဌာနပိုင် ရုံးအောက်ထပ်မှာ အလျား ၂၅ ပေ၊ အနံ ၁၀ ပေရှိ အခန်းတစ်ခန်းစီမှာ တစ်လလျှင် ၂၁၆၅ ကျပ်ဖြင့် ငှားရမ်း၍ ရုံးခန်းများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါတယ်။ ခရိုင် ဥပဒေရုံးနဲ့ မြို့နယ်ဥပဒေရုံးတွေကို ပြည်ထောင်စုရှေ့နေချုပ်ရုံး အဆောက်အဦများအဖြစ် သီးသန့်ဆောက်လုပ်နိုင်ဖို့အတွက် မြေနေရာရရှိရေးကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ညှိနှိုင်းတင်ပြရာမှာ ခရိုင်တရားရုံး၊ မြို့နယ်တရားရုံးတို့နဲ့ အနည်းငယ်ကွာဝေးတဲ့ ခန္တီးမြို့လေယာဉ်ကွင်းအနီးမှာရှိတဲ့ မြို့ကွက်သစ်မှာ မြေနေရာရရှိနိုင်ကြောင်း သိရှိရပါတယ်။

ဥပဒေရုံးတွေရဲ့ လုပ်ငန်းသဘောသဘာဝအရ မိမိတို့နဲ့သက်ဆိုင်သည့် တရားရုံး၊ ရဲတပ်ဖွဲ့ရုံး၊ ရဲစခန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့နဲ့ နီးကပ်တဲ့နေရာများမှာ ရုံးဖွင့်လှစ်နိုင်ဖို့လိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ လက်ရှိရရှိနိုင်တဲ့မြေနေရာမှာ အနည်းငယ်ကွာဝေးနေတဲ့အတွက်ကြောင့် ရုံးလုပ်ငန်းများအဆင်ပြေချောမွေ့နိုင်မယ့် မြေနေရာရဖို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ခန္တီးခရိုင်ဥပဒေရုံးနဲ့ မြို့နယ်ဥပဒေရုံးတို့ ဆောက်လုပ်နိုင်ရေးအတွက် သင့်လျော်တဲ့ မြေနေရာရရှိရေး ဆောင်ရွက်လျက်ရှိပါကြောင်းနဲ့ မြေနေရာရရှိလို့ရှိရင်တော့ အနီးဆုံးဘဏ္ဍာနှစ်မှာ ဆောက်လုပ်နိုင်ဖို့အတွက် စစ်ကိုင်းတိုင်းဒေသကြီး ဥပဒေချုပ်ရုံးမှတစ်ဆင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဘဏ္ဍာငွေတင်ပြတောင်းခံဆောက်လုပ်သွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဆိုင်ကယ်လိုင်စင်ကို အလွယ်တကူပြုလုပ်နိုင်ရေးနှင့် လိုင်စင်မဲ့ဆိုင်ကယ်များအား အလိုအလျောက်ကွယ်ပျောက်ရေး မည်ကဲ့သို့စီစဉ်မည်ကိုသိလိုကြောင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးမြင့်စိုး၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်စိုး (ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသူအားလုံး မင်္ဂလာအပေါင်းခညောင်းပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုး ဖြစ်ပါတယ်ခင်ဗျား။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ယနေ့တင်ပြမယ့်မေးခွန်းကတော့ ယနေ့ တောင်သူလယ်သမား၊ အလုပ်သမား၊ လူငယ်များ၊ အများပြည်သူများ မရှိမဖြစ်သုံးစွဲနေရတဲ့ ဆိုင်ကယ်ကိစ္စဖြစ်ပါတယ်။ ယနေ့ ယခုလိုမေးခွန်းများ မေးမြန်းရခြင်းဟာလည်း အများပြည်သူများနဲ့ပတ်သက်တဲ့ ဆိုင်ကယ်နဲ့ပတ်သက်ပြီးတော့ ဥပဒေဘောင်အတွင်းမှ အများပြည်သူများဟာ သက်သာစွာ လိုင်စင်ပြုလုပ်ပေးနိုင်ရန် ပြည်သူများ

ဥပဒေကို အမှန်တကယ်လိုက်နာနိုင်မယ့် ဥပဒေ၊ အမိန့်ညွှန်ကြားချက်များကိုသာ ထုတ်ပြန်ပေးရန်နဲ့ ပြည်သူများ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်ရည်ရွယ်ပြီးတော့ ဤမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ် ခင်ဗျား။ ယနေ့ဆိုင်ကယ်များကို ဥပဒေအရ ဖမ်းဆီးရာတွင် ယခင်တုန်းက ညွှန်ကြားသလိုပဲ အစီးရေ ကန့်သတ်ချက်များ၊ သတ်မှတ်ချက်များဖြင့် ဖမ်းဆီးခိုင်းခြင်းဟာလည်း မသင့်တော်တော့ပါဘူးခင်ဗျား။ ယနေ့ ကျွန်တော်တို့ ပျော်ဘွယ်မြို့မှာ အစီးရေ ၂၀ မပြည့်ဘူးဆိုလို့ရှိရင် ဖိအားပေးခြင်းများရှိခဲ့တဲ့ အတွက်ကြောင့် ဖမ်းဆီးတဲ့အဖွဲ့ဟာ ဆိုင်ကယ်စီး ဦးထုပ်ပါသော်လည်းပဲ အခြားငြိစွန်းနိုင်တဲ့အချက် အလက်တွေနဲ့ ဖမ်းဆီးပါတယ်။ အခြား ချောင်ကြိုချောင်ကြားပါမကျန်၊ ကုသိုလ်ပြုသည့်နေရာများပါ မကျန်၊ အရေအတွက်မပြည့်ပြည့်အောင် ဖမ်းဆီးတဲ့အတွက်ကြောင့် ပြည်သူများနဲ့လည်း ပဋိပက္ခများ ဖြစ်နိုင်တဲ့ အသွင်များပေါ်ပေါက်ခြင်းများရှိခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ ဆိုင်ကယ်လိုင်စင်၊ ကား လိုင်စင်များပြုလုပ်တဲ့အခါမှာ အမှန်တကယ် ကုန်ကျမယ့်စရိတ်များကို ပွင့်လင်းမြင်သာမှုရှိစေရန် သတင်းစာများ၊ ရုပ်မြင်သံကြားများမှာ ကြေညာပေးသင့်ပြီးတော့ လိုင်စင်များပြုလုပ်တဲ့ က.ည.န ရုံးများတွင်လည်း အမှန်တကယ်ပေးဆောင်ရမည့်နှုန်းထားများကို အများပြည်သူမြင်သာတဲ့နေရာမှာ ကပ်ထားပေးရန်ဖြစ်ပြီးတော့ ပိုမိုတောင်းခံမှုရှိပါကလည်း တိုင်ကြားနိုင်ကြောင်း အသိပေးစာတန်းများ ကပ်ထားပေးစေလိုပါတယ်ခင်ဗျား။ ယခုလိုတင်ပြရခြင်းမှာလည်း ပြည်သူများမှ ပြေစာပါငွေသားထက် ပိုမိုတောင်းခံမှုများရှိကြောင်း တင်ပြမှုရှိတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းမှာ ယခုအခါ ပျော်ဘွယ်မြို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရန် လိုင်စင်မဲ့ဆိုင်ကယ်များ၊ ဦးထုပ်မဆောင်းဘဲ စီးနင်းသည့် ဆိုင်ကယ်စီးသူ များ၊ ဆိုင်ကယ်နဲ့ပတ်သက်သည့် ပါရှိရမည့်အစိတ်အပိုင်းများ၊ ယာဉ်မောင်းလိုင်စင်များ စသည်တို့ကို ဈေး၊ နွားပွဲဈေး၊ နံနက်ထွက်သည့် ဟင်းသီးဟင်းရွက်ဈေးတန်းများပါမကျန် နေ့စဉ် စဉ်ဆက်မပြတ် ဖမ်းနေ၍ ပြည်သူများ အရောင်းအဝယ်လုပ်ရာတွင် အနှောင့်အယှက်ဖြစ်ပြီးတော့ စိတ်လက်မချမ်း မသာဖြစ်ရကြောင်း၊ အချို့ဆိုလျှင် ရာသီဥတုမမှန်၍ သီးနှံမရတဲ့အတွက်ကြောင့် မိမိတို့မှာရှိတဲ့ ကြက်၊ ဝက်၊ ဆိတ်၊ နွားများကို လာရောက်ရောင်းချရာတွင် တိရစ္ဆာန်ဈေးပေါက်များတွင်ပါ အဖမ်းအဆီးခံ ပြီးတော့ ဒုက္ခရောက်နေရကြောင်း၊ ဒဏ်ကြေးများမှာလည်း လွန်စွာမြင့်မားကြောင်း၊ သို့ဖြစ်ပါ၍ ပြည်သူအချို့မှာ ဥပဒေဘောင်အတွင်းမှာ နေထိုင်လိုတဲ့အတွက်ကြောင့် အောက်ပါအတိုင်း စီစဉ်ပေး ရန်တင်ပြကြပါတယ်။ (က) အများပြည်သူတိုင်း ဆိုင်ကယ်လိုင်စင်လုပ်နိုင်ရန် ကျသင့်သော အခွန်နှုန်း ထား၏ သုံးပုံတစ်ပုံသို့ လျှော့ချပေးသင့်ကြောင်း၊ (ခ) ရံဖန်ရံခါ စစ်ဆေးပညာပေးခြင်း၊ အသိတရား

နှင့်လိုက်နာအောင် ကြပ်မတ်မည့်အစား စဉ်ဆက်မပြတ်စစ်ဆေး၍ မြင့်မားသော ဒဏ်ကြေးများ တပ်ရိုက်ခြင်းသည် ပြည်သူများထံမှ ငွေရှာသလိုဖြစ်နေပြီး လွတ်လပ်စွာ သွားလာရောင်းဝယ်ရေးကို ထိခိုက်ပြီး ပြည်သူများ ဆင်းရဲကြပ်တည်းမှုဖြစ်လာနိုင်သဖြင့် ရံဖန်ရံခါ ရုတ်တရက်စစ်ဆေးခြင်းသာ ပြုလုပ်သင့်ကြောင်း၊ ဒဏ်ကြေးသုံးသောင်းဆိုသည်မှာ လွန်စွာများပြားနေပြီး ပြည်သူများပေးဆောင်နိုင်မည့်နှုန်းထားတစ်ခုသို့ လျှော့ချသင့်ကြောင်း၊ (ဂ) လိုင်စင်များပြုလုပ်ရာတွင် ရမည်းသင်းမြို့နယ်သို့ သုံးရက်ခန့် သွားရောက်သင်တန်းတက်၍ လုပ်ကိုင်ရသဖြင့် အချို့ငွေကြေးအခြေအနေအရမသွားလာနိုင်ပါ။ ယခင်ကဲ့သို့ ပျော်ဘွယ် မ.ထ.သရုံးတွင် ပျော်ဘွယ်မြို့နေပြည်သူများအား လုပ်ထုံးလုပ်နည်းနဲ့အညီ သင်တန်းများဖွင့်လှစ်၍ လိုင်စင်ပြုလုပ်ပေးခြင်း၊ လိုင်စင်သက်တမ်းတိုးပေးခြင်းကိစ္စများကို ရွေ့လျားစနစ်ဖြင့် နှစ်လတစ်ကြိမ် ဆောင်ရွက်ပေးရန်ကိုလည်းကောင်း ဤကိစ္စနဲ့ပတ်သက်၍ ၁၂-၉-၂၀၁၄ နဲ့ ၁၃-၉-၂၀၁၄ တွင် ၃၉၉ ဦးကို ဆိုင်ကယ်စီးလိုင်စင်များ လုပ်ပေးခဲ့ပါတယ်ခင်ဗျား။ (ဃ) ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ပညာပေးအစီအစဉ်များကို အများပြည်သူနားဝင်သိရှိနားလည်လိုက်နာနိုင်အောင် ပညာပေးဟောပြောပွဲများ ကျေးလက်အထိဆင်းပြီးတော့ ဟောပြောစေလိုကြောင်း၊ (င) လိုင်စင်မဲ့ဆိုင်ကယ်များ ယခုကဲ့သို့ နယ်စပ်မှ တရားမဝင်၊ မဝင်ရောက်နိုင်ရန် နိုင်ငံခြားကုမ္ပဏီများကို မြန်မာနိုင်ငံအတွင်းသို့ ဆိုင်ကယ်ထုတ်လုပ်ခွင့် လွယ်ကူစွာ ထုတ်လုပ်နိုင်ရန်အတွက် ချပေးခြင်းဖြင့် ပြည်သူများ အလုပ်အကိုင်ရရှိပြီး လိုင်စင်များကို ဈေးနှုန်းသင့်တင့်စွာချပေးပါက ယခုကဲ့သို့ နယ်စပ်မှတင်သွင်းသော လိုင်စင်မဲ့များ အလိုအလျောက် ပျောက်ကွယ်သွားမည်ဖြစ်ပါကြောင်း တင်ပြကြပါတယ်။ သို့ဖြစ်ပါ၍ အထက်ပါတင်ပြချက်များအပေါ် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒ၊ ပြည်သူကိုဗဟိုပြု၍ ဆောင်ရွက်ပေးရန် မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကိုသိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမြင့်သိန်း(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများခင်ဗျား။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးရဲ့ ပျော်ဘွယ်

မြို့ပေါ်မှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာဖို့ လိုင်စင်မဲ့ဆိုင်ကယ်များနဲ့ ခုနက ယာဉ်မောင်း လိုင်စင်များကို နေ့စဉ်မပြတ်ဖမ်းနေပြီးတော့မှ မြင့်မားသောဒဏ်ကြေးငွေများ တပ်ရိုက်စစ်ဆေးနေ ခြင်းကို ကျွန်တော်တို့ ပြည်သူများ ပေးဆောင်နိုင်တဲ့ နှုန်းထားတစ်ခုကို လျှော့ချပေးသင့်ကြောင်း၊ နောက် ရမည်းသင်းမြို့နယ်သို့ လိုင်စင်များ သက်တမ်းတိုးခြင်းအတွက် သွားနေရတဲ့အပေါ်မှာ ပျော်ဘွယ်မြို့ သက်တမ်းတိုးခြင်းကိစ္စများအတွက် မိုဘိုင်းရွှေ့လျားစနစ်နဲ့ နှစ်လတစ်ကြိမ် ဆောင်ရွက် ပေးဖို့၊ ပညာပေးဟောပြောခြင်းတွေကို ဆောင်ရွက်ပေးဖို့ နောက် လိုင်စင်မဲ့ဆိုင်ကယ်များ နယ်စပ်က တရားမဝင် မဝင်ရောက်ဖို့အတွက် မြန်မာနိုင်ငံအတွင်း ဆိုင်ကယ်ထုတ်လုပ်ခွင့်များကို ချထားပြီး တော့မှ နယ်စပ်မှတင်သွင်းတဲ့ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ အလိုအလျောက် ပျောက်ကွယ် သွားဖို့အတွက်ကို မည်သို့စီစဉ်ဆောင်ရွက်ထားကြောင်း သိလိုကြောင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းကို ပြည်ထဲရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ရထားပို့ဆောင်ရေး ဝန်ကြီးဌာနတို့ရဲ့ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးမြင့်သိန်းကနေပြီးတော့ ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

နိုင်ငံတော်အတွင်း တရားမဝင်ရောက်ရှိနေသော လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များအား ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ အကောက်အခွန်ဦးစီးဌာန၊ မြန်မာ့အာမခံလုပ်ငန်း၊ မြန်မာ့ စီးပွားရေးဘဏ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ပူးပေါင်း၍ One Stop Service စနစ်နဲ့ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့မှ ဇူလိုင်လ ၄ ရက်နေ့အထိ နောက်ဆုံး အကြိမ်အဖြစ်သတ်မှတ်၍ ဆောင်ရွက်ပေးခဲ့ရာ ယာဉ်အစီးပေါင်း ၄၅၁၆၀၈ စီး မှတ်ပုံတင်ဆောင်ရွက် ပေးနိုင်ခဲ့ပြီးတော့ ရမည်းသင်းခရိုင်အတွင်းမှာ ၅၃၈၄ စီး မှတ်ပုံတင်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

One Stop Service ထပ်မံပြုလုပ်ပေးပါက ပြည်သူများ ဆိုင်ကယ်လိုင်စင်ပြုလုပ်နိုင်ရန် အတွက် ကျသင့်အခွန်နှုန်းထားများရဲ့ သုံးပုံတစ်ပုံသို့ လျှော့ချပေးသင့်ကြောင်း မေးမြန်းချက်နှင့် စပ်လျဉ်းပြီးတော့ ယခုဆောင်ရွက်ပြီးစီးသွားတဲ့ အကြိမ်ဟာ နောက်ဆုံးအကြိမ် ပြုလုပ်ပေးခြင်းဖြစ် ပြီးတော့ ထပ်မံပြုလုပ်ပေးဖို့ အစီအစဉ်မရှိတော့ပါဘူး။ စီမံချက်ကာလပြီးဆုံးသွားပြီဖြစ်လို့ တည်ဆဲ ဥပဒေများကို လေးစားလိုက်နာစေဖို့အတွက် မှတ်ပုံတင်မဲ့မော်တော်ဆိုင်ကယ်များအား အရေးယူ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မှတ်ပုံတင်မဲ့မော်တော်ဆိုင်ကယ်များကို စိစစ်ခြင်း၊ အရေးယူ ဆောင်ရွက်ခြင်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ တိုက်ရိုက် တာဝန်ယူကြီးကြပ်သွားမှာဖြစ်ပြီးတော့ မှတ်ပုံတင်မဲ့မော်တော်ဆိုင်ကယ်များ စိစစ်တွေ့ရှိလို့ရှိရင်တော့

ဒေသပေါက်ဈေးရဲ့ ၅၀ ရာခိုင်နှုန်း သို့မဟုတ် ငွေတန်ဖိုးထက်မနည်းသော ဒဏ်ကြေးကို သက်ဆိုင်ရာ အစိုးရဖွဲ့ရဲ့ ဆုံးဖြတ်ချက်နဲ့ သတ်မှတ်ကောက်ခံ၍ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိနိုင်ဖို့ သတင်းစာများမှာ အသိပေးကြေငြာထားပြီးဖြစ်ပါကြောင်း၊ တရားဝင်နည်းလမ်းဖြင့် မော်တော်ဆိုင်ကယ်များ တင်သွင်းမယ်ဆိုပါက ကုန်သွယ်ခွန် ၅ ရာခိုင်နှုန်း၊ အကောက်ခွန် ၅ ရာခိုင်နှုန်းသာ ပေးဆောင်ရမှာဖြစ်ပြီးတော့ တရားမဝင်တင်သွင်းခြင်းထက် များစွာသက်သာမှာဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာနမှ ပြည်သူများယာဉ်အန္တရာယ် ကင်းရှင်းစေဖို့နဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာစေရန်အတွက် ၂၂-၇-၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၁၄)အား ထုတ်ပြန်ခဲ့ပါတယ်။ မည်သူမဆို ဤအမိန့်ကြော်ငြာစာပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို မန္တလေးတိုင်းဒေသကြီးအတွင်း မြို့စည်ပင်သာယာရေးနယ်နိမိတ်မှာ ဖောက်ဖျက်ကျူးလွန်ပါက သို့မဟုတ် လိုက်နာရန်ပျက်ကွက်ပါက မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့များ ဥပဒေပုဒ်မ ၉၁ အရ ထိုသူကို ငွေဒဏ်အနည်းဆုံးကျပ်သုံးသောင်းမှ အများဆုံး ကျပ်တစ်သိန်းထိ ချမှတ်ခြင်းခံရမှာဖြစ်ပါတယ်။ သတ်မှတ်ထားတဲ့ ဥပဒေ၊ စည်းကမ်းမလိုက်နာသူများကိုသာ ပျော်ဘွယ်မြို့နယ်မှ သတ်မှတ်ဒဏ်ကြေးငွေ အနည်းဆုံးကို တပ်ရိုက်ခြင်းဖြစ်ပါတယ်။

မြင့်မားတဲ့ ဒဏ်ကြေးငွေများ တပ်ရိုက်စစ်ဆေးနေခြင်းဟာ ပြည်သူများထံမှ ငွေရှာနေခြင်း မဟုတ်ဘဲနဲ့ အများပြည်သူအနေဖြင့် ဥပဒေလိုက်နာခြင်း အလေ့အကျင့်ကောင်းများ မွေးမြူနိုင်ဖို့၊ တရားဝင်နည်းလမ်းဖြင့် မော်တော်ဆိုင်ကယ်များ တင်သွင်းလာစေဖို့၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းများလိုက်နာပြီး ယာဉ်တိုက်ခိုက်မှုအန္တရာယ် လျော့နည်းကျဆင်းစေဖို့နှင့် ယာဉ်အန္တရာယ်များကြောင့် ထိခိုက်ဒဏ်ရာရ သေဆုံးမှုများ လျော့နည်းစေဖို့ရည်ရွယ်ပြီးတော့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ခရိုင်ရုံး (ရမည်းသင်း)ရုံးမှာ ဝန်ထမ်းအင်အား အရာထမ်းတစ်ဦး၊ အမှုထမ်း ၁၅ ဦး စုစုပေါင်း ၁၆ ဦးနဲ့ ရမည်းသင်းမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်မှာ မှတ်ပုံတင်ယာဉ်စီးရေ ၁၀၆၁၂၁ စီးနှင့် ယာဉ်မောင်းလိုင်စင် ၃၂၄၆၄ စောင်တို့ကို မှတ်ပုံတင်လုပ်ငန်းများ၊ ယာဉ်မောင်းလိုင်စင်လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ အကြံပြုချက်ပါအတိုင်း ပျော်ဘွယ်မြို့နေပြည်သူများ လုပ်ထုံးလုပ်နည်းနှင့်အညီ သင်တန်းများဖွင့်လှစ်၍ ယာဉ်မောင်းလိုင်စင်ပြုလုပ်ပေးခြင်း၊ ယာဉ်လိုင်စင် သက်တမ်းတိုးခြင်းကိစ္စများကို နယ်လှည့်ရွှေ့လျားစနစ်ဖြင့် လိုအပ်ချက်နှင့် လုပ်ငန်းပမာဏအပေါ် မူတည်ပြီး ညှိနှိုင်းဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအား

ပညာပေးအစီအစဉ်များ၊ ပညာပေးဟောပြောပွဲများကို ကျေးလက်အထိဆင်း၍ ဟောပြောစေလို ခြင်းနှင့်ပတ်သက်ပြီးတော့ ရမည်းသင်းမြို့နယ်မှာ ကျေးရွာ ၂၄၆ ရွာနှင့် ပျော်ဘွယ်မြို့နယ်မှာ ကျေးရွာ ၃၁၇ ရွာရှိတဲ့အတွက် ကျေးရွာစုစုပေါင်း ၅၆၃ ရွာသို့ ဟောပြောရမယ့် လုပ်ငန်းပမာဏနှင့် ဝန်ထမ်း မမျှတတဲ့အတွက် ကျေးရွာတိုင်းကို ကွင်းဆင်းဆောင်ရွက်ပေးဖို့တော့ အကန့်အသတ်ရှိပြီးတော့ ခက်ခဲ မှာဖြစ်ပါတယ်။ သို့ပေမယ့် သက်ဆိုင်ရာဒေသတာဝန်ရှိသူများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲ ကျင်းပစေလိုကြောင်း ညှိနှိုင်းအကြောင်းကြားလာပါလျှင် ဆီလျော်သော အရေအတွက်တတ်နိုင်အောင် စီစဉ်ပေးလို့ရှိရင် အတတ်နိုင်ဆုံး ကွင်းဆင်းဆောင်ရွက်ပေးသွားမှာဖြစ် ပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်ရဲ့ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေဖို့ ကုန်သွယ်မှုဆိုင်ရာအတားအဆီးများအား ဖြေလျှော့ခွင့်ပြုဆောင်ရွက်ပေးလျက ရှိပြီး ပြည်သူလူထုအတွက် လိုအပ်တဲ့ သွင်းကုန်ပစ္စည်းတွေကိုလည်း ပြည်တွင်း ဈေးကွက်လိုအပ်ချက် များအရ လျင်မြန်စွာရောက်ရှိရေး ဖြေလျှော့ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါတယ်။ ယခင်က မော်တော် ဆိုင်ကယ်များ တင်သွင်းဖို့အတွက် သွင်းကုန်လိုင်စင်များ လျှောက်ထားရယူရာမှာ ကူးသန်းရောင်းဝယ် ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန(ရုံးချုပ်)သို့ လာရောက်လျှောက်ထားရယူခြင်းမှ အခုအခါ ဆိုင်ကယ်တင်သွင်းမှုများ ပိုမိုမြန်ဆန်စေရေးအတွက် သက်ဆိုင်ရာ နယ်စပ်စခန်းရုံးများမှ ရုံးချုပ်သို့ ကြေးနန်းဖြင့် တင်ပြခွင့်ပြုချက်ရယူစေကာ နယ်စပ်စခန်းများမှာပင် ဆိုင်ကယ်တင်သွင်းခွင့်လိုင်စင် တွေကို ကုန်သွယ်မှုလုပ်ထုံးလုပ်နည်းများနှင့်အညီ လျင်မြန်စွာခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တ ရပ်နားပါမယ်။

**အချိန်၊ ၁၁း၅၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့်ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး။** ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မန္တလေး-မြစ်ကြီးနား မီးရထားလမ်းအား အဆင့်မြှင့်တင်ရန်နှင့် ရထားစက်ခေါင်း၊ လူစီးတွဲများ အရည်အသွေးပြည့်မီစေရန် မည်ကဲ့သို့စီမံထားရှိသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးခင်စိုးမှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးခင်စိုး(တပ်မတော်သားကိုယ်စားလှယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၂၅၂၈၁ ဗိုလ်မှူးခင်စိုးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရထားပို့ဆောင်ရေးဝန်ကြီးဌာနနဲ့ပတ်သက်တဲ့ မေးခွန်းတစ်ခုကို ကချင်ပြည်နယ် ဒေသခံပြည်သူများရဲ့ကိုယ်စား မေးမြန်းသွားမှာဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နှင့် တခြားမြို့ရွာများမှာနေထိုင်ကြတဲ့ ဒေသခံပြည်သူများဟာ မြေပြန့်ဒေသ ပြည်မနှင့် ဆက်သွယ်သွားလာရာမှာ ရေကြောင်းပို့ဆောင်ရေးနှင့် မီးရထားပို့ဆောင်ရေးကို အဓိကထားသွားလာကြရပါတယ်။ အခြေခံလူတန်းစား ခရီးသွားပြည်သူများအနေနဲ့ မီးရထားပို့ဆောင်ရေးကို အများဆုံးမှီခိုအားထားသွားလာရလျက်ရှိပါတယ်။ မန္တလေး-မြစ်ကြီးနား မီးရထားလမ်းဟာ ၃၃၇ မိုင်ရှည်လျားပြီး ပုံမှန်ခုတ်မောင်းချိန်အားဖြင့် ပျမ်းမျှ ၂၂ နာရီခန့် ကြာမြင့်ပါတယ်။

သို့ရာတွင် ရထားတိမ်းမှောက်မှု၊ လမ်းချော်မှုများဖြစ်ပွားချိန်၌ လမ်းကြောင်းများ ပိတ်ပြီးအချိန်များနောက်ကျကာ ခရီးသွားလုပ်သားပြည်သူများအခက်အခဲများကြုံတွေ့ကြရပါတယ်။ ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း ကုန်တင်တွဲချော်ရာမှ ရထားတိမ်းမှောက်မှု နှစ်ကြိမ်၊ မီးရထားတွဲချော်မှု ၁၈ ကြိမ်ဖြစ်ပွားခဲ့ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကျင်းပနေစဉ်အတွင်း စက်တင်ဘာ ၁၈ ရက်နေ့က ကသာခရိုင်တွင် မိုးသည်းထန်စွာရွာပြီး ဂျီးပင်ချောင်းနှင့် ဖားပန့်ချောင်း တောင်ကျရေများ ပြင်းထန်စွာစီးဆင်းခဲ့ခြင်းကြောင့် ရထားလမ်း မိုင်တိုင်အမှတ်(၅၉၉/၁၄)နှင့် (၅၉၇/၁၅) ကြားရှိ တံတားအမှတ် ၄၆၈ မှာ လည်းကောင်း၊

ပင်ဝယ်ကျေးရွာအနီးရှိ ရထားသံလမ်းနှင့်လည်းကောင်း၊ ရထားလမ်းမိုင်တိုင် အမှတ်(၅၉၉/၂၂)နှင့် (၅၉၉/၂၃)ကြားရှိ တံတားအမှတ်(၄၇၈)မှာလည်းကောင်း၊ ကမ်းကပ်အုတ်ခုံပေါင်များ ရထားသံလမ်းအောက်ခြေမြေသားများ ရေတိုက်စားပျက်စီးမှုဖြစ်ပွားခဲ့ပါတယ်။ မန္တလေး-မြစ်ကြီးနားလမ်းပိုင်းဟာ ရာသီဥတုနှင့် ရေမြေသဘာဝအရ မည်ကဲ့သို့ လမ်းချော်တိမ်းမှောက်မှုများဖြစ်ပွားလေ့ရှိသည်မှာ မှန်သော်လည်း ရထားသံလမ်းနှင့် တွဲများကောင်းမွန်ပါက ဖြစ်ပွားမှုလျော့နည်းနိုင်သည်ဟု ယူဆမိပါတယ်။ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် ကျင်းပတဲ့ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့၌ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအတွက် ကိုရီးယားသမ္မတနိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေ ETCS မှ အမေရိကန်ဒေါ်လာ ၄၅ သန်းချေးယူရေးကို လွှတ်တော်က အတည်ပြုခဲ့ပါတယ်။ သို့ဖြစ်ပါ၍ မိမိမေးမြန်းလိုသည်မှာ မန္တလေး-မြစ်ကြီးနား မီးရထားလမ်းအား အဆင့်မြှင့်တင်ရန်နှင့် ရထားစက်ခေါင်း၊ လူစီးတွဲများ အရည်အသွေးပြည့်မီစေရန် မည်ကဲ့သို့ စီမံထားရှိသည်ကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမြင့်သိန်း(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးခင်စိုးမှ ကချင်ပြည်နယ်၊ မြစ်ကြီးနား-မန္တလေး မီးရထားလမ်း မိုင်အရှည် ၃၃၇ မိုင်အား အဆင့်မြှင့်တင်ခြင်း၊ ရထားစက်ခေါင်းနှင့် လူစီးမီးရထားတွဲဆိုင်းများ အရည်အသွေးပြည့်မီစေရန် ဆောင်ရွက်ခြင်းတို့အား မည်ကဲ့သို့စီမံထားရှိသည်နှင့်စပ်လျဉ်းတဲ့မေးခွန်းကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးမြင့်သိန်းက ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

မန္တလေး-မြစ်ကြီးနားလမ်းပိုင်းကို ကြံ့ခိုင်တောင့်တင်းစေဖို့အတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှစတင်၍ ကွန်ကရစ်ဇလီဖားတုံး ဖြည့်တင်းခြင်းနှင့် လမ်းခင်းကျောက်ဖြည့်တင်းခြင်းလုပ်ငန်းများကိုဆောင်ရွက်ခဲ့ရာ ယနေ့အထိ ခရီးမိုင် ၃၃၇ မိုင်အနက် ၂၅၆ မိုင်ခန့်မှာ ကြံ့ခိုင်မှုရရှိပြီးဖြစ်၍ ကျန် ၈၁ မိုင်ခန့်အား ဆက်လက်ပြုပြင်ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် ပြေးဆွဲရထားများရှိ

တွဲများခုန်ခြင်း၊ ဆောင့်ခြင်း၊ လူးခြင်းကိစ္စရပ်များ လျော့နည်းပပျောက်စေရန်နှင့် ခရီးသည်များ သက်သာ၊ ငြိမ့်ညောင်း၊ ချောမွေ့စွာသွားလာနိုင်ရေးအတွက် သံလမ်းအဆက်(Joint) ဆက်များအား ဂဟေဆက်ခြင်းနှင့် စက်ကြီးများအသုံးပြု၍ လမ်းခင်းကျောက် ပက်ကင်ရိုက်ခြင်းလုပ်ငန်းများကို ပုဂ္ဂလိကလုပ်ငန်းရှင်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် တင်ဒါတင်သွင်းသည့် ကုမ္ပဏီ သုံးခုရဲ့ တင်ဒါများကို တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီက ၂၁-၈-၂၀၁၄ ရက်နေ့မှ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ပထမပတ်အထိ စိစစ်ဆောင်ရွက်လျက်ရှိပါတယ်။ ထိုကဲ့သို့ မြန်မာ့မီးရထား အစီအစဉ်ဖြင့် ရေတိုဆောင်ရွက်နေသကဲ့သို့ ရေရှည်မျှော်မှန်း၍ ကိုရီးယားနိုင်ငံ၏ ချေးငွေဖြင့် မန္တလေး-မြစ်ကြီးနား ရထားလမ်းပိုင်းအား အဆင့်မြှင့်တင်ရန် ညှိနှိုင်းရရှိပြီးဖြစ်၍ ကိုရီးယားနိုင်ငံမှ ပညာရှင်များလာရောက်ကာ ဖြစ်မြောက်နိုင်ခြေလေ့လာမှုကို လုပ်ဆောင်မည်ဖြစ်ပြီးတော့ အစီရင်ခံစာ ထွက်ရှိလာပါက လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းအား ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ပြေးဆွဲရထားများသတ်မှတ်ချိန်အတွင်း အချိန်မှန်ရောက်ရှိရေးအတွက် စက်ခေါင်းများ ကောင်းမွန်ရေးဟာလည်း အဓိကကျတာဖြစ်ပါတယ်။ သတ်မှတ်မိုင်နှုန်း ပြေးဆွဲနိုင်ရေးအတွက် မန္တလေးစက်ခေါင်းရုံမှ စက်ခေါင်းပြေးဆွဲတဲ့ မိုင်/နာရီ အဆင့်အလိုက် ပြုပြင်ပေးခြင်း၊ ရွာထောင်ဒီဇယ် စက်ခေါင်းရုံနှင့် အင်းစိန်စက်ခေါင်းရုံတို့မှ အကြီးတန်းပြုပြင်ပြီးစီးတဲ့ စက်ခေါင်းများဖြင့် အစားထိုး ပြေးဆွဲခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ရေရှည်မျှော်မှန်း၍ စက်ခေါင်းအသစ်များ ဖြည့်ဆည်း ပေးနိုင်ရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချေးငွေဖြင့် နေပြည်တော်တွင် စက်ခေါင်းသစ် တည်ဆောက်ရေးစက်ရုံတည်ဆောက်၍ တစ်နှစ်လျှင် စက်ခေါင်းသစ် ၂၀ ခေါင်း ထုတ်လုပ်ကာ စက်ခေါင်းလိုအပ်ချက်များကို ဖြည့်ဆည်းသွားမှာဖြစ်ပါတယ်။ စက်ခေါင်းစက်ရုံမပြီးသေးမီ နိုင်ငံပိုင် နိုင်ငံခြားငွေများဖြင့်လည်း စက်ခေါင်းအသစ် ၁၁ ခေါင်းဝယ်ယူရေးအတွက် နိုင်ငံပိုင်သတင်းစာများမှ ၂၈-၇-၂၀၁၄ ရက်နေ့မှ ၂၆-၉-၂၀၁၄ ရက်နေ့အထိ တင်ဒါခေါ်ယူခဲ့ပြီးဖြစ်ပါတယ်။ ဒါ့အပြင် အိန္ဒိယ နိုင်ငံချေးငွေဖြင့်လည်း စက်ခေါင်းအသစ် ၁၈ ခေါင်းကို ဝယ်ယူရန်စီစဉ်လျက်ရှိပါတယ်။ မန္တလေး-မြစ်ကြီးနားလမ်းပိုင်းမှာ အမြန်ရထား ရှစ်စီး (အမှတ်-၅၅ အဆန်၊ ၅၆-အစုန်၊ အမှတ်-၅၇ အဆန်၊ ၅၈-အစုန်၊ အမှတ်-၃၃ အဆန်၊ ၃၄-အစုန်၊ အမှတ်-၃၇ အဆန်၊ ၃၈-အစုန်) လူစီးကုန်တင်ရထားနှစ်စင်း (အမှတ်-၄၃ အဆန်၊ ၄၄-အစုန်)၊ စာပို့ရထားနှစ်စင်း (အမှတ်-၄၁ အဆန်၊ ၄၂ အစုန်) စုစုပေါင်း ၁၂ စင်း ပြေးဆွဲလျက်ရှိပါတယ်။ မန္တလေး-မြစ်ကြီးနား ပြေးဆွဲနေသော စက်ခေါင်းနှင့် လူစီးမီးရထား တွဲဆိုင်းများ အရည်အသွေးပြည့်မီစွာ ပြေးဆွဲနိုင်ရေးအတွက် ပြေးဆွဲချိန်များတဲ့ အမှတ်-၅၅ အဆန်၊

အမှတ်-၅၆ အစုန်၊ ရထားတွဲဆိုင်း သုံးဆိုင်းအနက်မှ မြစ်ငယ်တွဲတည်ဆောက်ရေးစက်ရုံမှ အသစ်တည်ဆောက်ထားတဲ့ ရိုးရိုးတန်းတွဲသစ် ရှစ်တွဲ၊ ထိုင်ခုံအသစ် တပ်ဆင်ပြုပြင်ထားတဲ့ အထက်တန်းတွဲ နှစ်တွဲ၊ အကြီးတန်းပြုပြင်ထားတဲ့ ပထမတန်းတွဲတစ်တွဲ၊ ဘရိတ်တွဲတစ်တွဲတို့ ပါဝင်ဖွဲ့စည်းထားတဲ့ တွဲဆိုင်းတစ်ဆိုင်းအပြင် ၁-၂-၂၀၁၄ ရက်နေ့မှာ အစားထိုးအဆင့်မြှင့်ပြေးဆွဲခြင်း ဆောင်ရွက်ပေးခဲ့ပါတယ်။ မြစ်ငယ်တွဲတည်ဆောက်ရေးစက်ရုံ၌ နှစ်စဉ် ရိုးရိုးတန်းတွဲသစ် ၅၀ တွဲ အသစ်တည်ဆောက်ပေးလျက်ရှိတဲ့အပြင် တွဲဟောင်းများကိုလည်း အကြီးတန်းပြုပြင်မွမ်းမံမှုများကို အချိန်ကျဆောင်ရွက်ပြီး ထွက်ရှိတွဲများကို လမ်းပိုင်းများသို့ ဖြည့်တင်းပေးလျက်ရှိပါတယ်။ ရေရှည်မျှော်မှန်း၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံချေးငွေကိုရယူပြီး မြစ်ငယ်တွင် တွဲသစ်တည်ဆောက်ရေးစက်ရုံအသစ်ကို တည်ဆောက်ကာ နှစ်စဉ် လူစီးတွဲ ၁၂၀ တွဲထုတ်လုပ်ပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ထိုစက်ရုံမပြီးမီ တွဲလိုအပ်ချက်ဖြည့်ဆည်းနိုင်ရေးအတွက် ကိုရီးယားသမ္မတနိုင်ငံချေးငွေနှင့် အမေရိကန်ဒေါ်လာ ၄၅ သန်းဖြင့် အထက်တန်း Air Con ပါ တွဲ ၂၀၊ အထက်တန်း Air Con မပါ တွဲ ၂၀ နှင့် ရိုးရိုးလူစီးတန်းတွဲ ၆၀ စုစုပေါင်းတွဲ ၁၀၀ ဝယ်ယူရေးအတွက် Korea EXIM Bank ဖြင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး အဆိုပါတွဲများ ရရှိလာပါက ဦးစားပေးဖြည့်တင်းသွားမှာဖြစ်ပါတယ်။

မန္တလေး-မြစ်ကြီးနားလမ်းပိုင်းမှာ ရထားစီးခရီးသည်များ စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရေး၊ တွဲများကောင်းမွန်သန့်ရှင်းရေး၊ ရေမီးပြည့်စုံရရှိရေးစတဲ့ ဝန်ဆောင်မှုတိုးမြှင့်ရေးအတွက် ၁-၅-၂၀၁၄ ရက်နေ့မှစ၍ မန္တလေး-မြစ်ကြီးနားပြေးဆွဲတဲ့ အမှတ်-၅၅ အဆန်၊ ၅၆-အစုန်၊ အမှတ်-၃၇ အဆန်၊ ၃၈-အစုန်ရထားတွဲဆိုင်းများကို ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ တွဲထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးလုပ်ငန်းများအတွက် ကန်ထရိုက်စနစ်ဖြင့် တင်ဒါခေါ်ယူဆောင်ရွက်လျက်ရှိပါတယ်။ မန္တလေး-မြစ်ကြီးနားလမ်းပိုင်း ရထားစီးခရီးသည်များ ပိုမိုအဆင်ပြေစေရေးအတွက် စင်းလုံးငှားစနစ်ဖြင့် ဝန်ဆောင်မှုတိုးမြှင့်ဆောင်ရွက်နိုင်ရန် ပုဂ္ဂလိကကုမ္ပဏီများကို တင်ဒါခေါ်ယူဆောင်ရွက်ခဲ့ရာ အမှတ်-၃၇ အဆန်နှင့် အမှတ်-၃၈ အစုန် အမြန်ရထားတွဲဆိုင်းနှစ်ဆိုင်းအား တင်ဒါအောင်မြင်သည့် ကချင်ပြည်နယ်အများပိုင်ကုမ္ပဏီသို့ ရထားတွဲဆိုင်းများအပ်နှံ၍ ဝန်ဆောင်မှုအပြည့်ဖြင့် ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်ဆဲဖြစ်ပါတယ်။ ယခုလ ၁၈ ရက်နေ့မှာလည်း ပင်ဝယ်ဘူတာနှင့် မော်လူးဘူတာကြားမှာ တံတားသုံးစင်းပျက်စီးပြီးတော့ ရထားလမ်းပေါင်များ ပျက်စီးတဲ့ ဒီပျက်စီးမှုကိုလည်း ၂၃ ရက်နေ့မှာ ပြန်လည်ဖွင့်လှစ်နိုင်အောင် အမြန်ဆောင်ရွက်ပြီးစီးအောင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ မန္တလေး-

မြစ်ကြီးနားလမ်းပိုင်းမှာ လမ်းပြင်ဆင်မှု၊ စက်ခေါင်းနှင့်တွဲများ အဆင့်မြှင့်တင်ရေးတို့အတွက် ရေတို ရေရှည်လုပ်ငန်းစဉ်များ ချမှတ်၍လည်းကောင်း၊ ပုဂ္ဂလိကနှင့်ပူးပေါင်း၍ ဝန်ဆောင်မှုမြှင့်တင်ရေး စီမံဆောင်ရွက်နေမှုများကိုလည်းကောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ၏ အစီရင်ခံစာတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။ အစီအစဉ် ၆ ကို ဆက်လက်ဆောင်ရွက်ပါမယ်။ ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီက အစီရင်ခံစာကို တင်ပြရန်ဖြစ်၍ အစီရင်ခံစာတင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းမြင့်(အတွင်းရေးမှူး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ အတွင်းရေးမှူး ဦးဝင်းမြင့်ဖြစ်ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)အကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ၏ အစီရင်ခံစာကို ကော်မတီရဲ့ကိုယ်စား ဖတ်ကြားတင်ပြမှာ ဖြစ်ပါတယ်။

### နိဒါန်း

ပြည်သူ့လွှတ်တော်က ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့တွင် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်း၍ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးခဲ့ပြီး အာဏာပိုင်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနအားလုံးနှင့် သက်ဆိုင်လျက်ရှိပါသည်။ ယင်းလုပ်ပိုင်ခွင့်များတွင် ကော်မတီ၏အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်ဟူသောအချက် ပါရှိပါသည်။

### ဆောင်ရွက်ချက်များ

ပြည်သူ့လွှတ်တော်၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီသည် ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့တွင် နှစ်ပတ်လည်အစီရင်ခံစာကို လွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။

ယင်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက ၃၀-၉-၂၀၁၃ ရက်စွဲပါ၊ စာအမှတ်၊ ၁၀၈ (၁)/၈/ သမ္မတရုံးဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ သဝဏ်လွှာ ပြန်လည်ပေးပို့ခဲ့ပါသည်။ အဆိုပါသဝဏ်လွှာတွင် ပူးတွဲပါရှိသည့် အခြေအနေနှင့်သုံးသပ်ချက်များကို ဤကော်မတီက ၁၅-၁၀-၂၀၁၃ ရက်စွဲပါ စာအမှတ်၊ ၀၃/ပသ(ကမတ)၂၄/၂၀၁၃-၁၆၃ ဖြင့် နိုင်ငံတော်သမ္မတထံ ပြန်လည်ရှင်းလင်းတင်ပြခဲ့ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားသူကြီးချုပ်ကလည်း ၂၅-၁၀-၂၀၁၃ ရက်စွဲပါ၊ စာအမှတ်၊ ၁၀၃/၁၁၃/ပတခ(၂၇၇၇/၂၀၁၃)ဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဆောင်ရွက်ထားရှိမှုအခြေအနေများကို အစီရင်ခံတင်ပြခဲ့ပါသည်။ အဆိုပါ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဤကော်မတီက ၁၉-၁၁-၂၀၁၃ ရက်စွဲပါ စာအမှတ်၊ ၀၃/ပသ(ကမတ)၂၄/၂၀၁၃-၁၈၀ ဖြင့် တရားစီရင်ရေးမဏ္ဍိုင်နှင့် သက်ဆိုင်သည့်ကိစ္စရပ်များကို ပြန်လည်တင်ပြခဲ့ပါသည်။

တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ အဖွဲ့ဝင်များသည် ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့သို့ သွားရောက်ခဲ့ပါသည်။ ၂၆-၁၀-၂၀၁၃ ရက်နေ့တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်တရားရုံး၊ မြို့နယ်ပြည်သူ့ရဲစခန်းသို့ ကွင်းဆင်းကြည့်ရှုလေ့လာခဲ့ပါသည်။ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံပြီး တရားဥပဒေစိုးမိုးရေးအတွက် ပူးပေါင်းကူညီဆောင်ရွက်ပေးကြရန် ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။ ၂၇-၁၀-၂၀၁၃ ရက်နေ့တွင် ထိုင်း-မြန်မာနယ်စပ်ဂိတ်သို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ပါသည်။ ထိုဒေသတွင် တရားဥပဒေစိုးမိုးရေး လွန်စွာအားနည်းပြီး ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးချို့ယွင်းနေပါသည်။

တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူ့ရဲတပ်ဖွဲ့၏လုပ်ငန်းဆောင်ရွက်ပုံပြောင်းလဲရန် လိုအပ်ကြောင်းကို ယခင်ဖြစ်ပွားခဲ့သည့် လက်ပံတောင်း၊ ရခိုင်ပြည်နယ်၊ မိတ္ထီလာမြို့ဖြစ်ရပ်များက ညွှန်ပြခဲ့ပါသည်။ လူ့အခွင့်အရေးကို လေးစားတန်ဖိုးထားပြီး ပြည်သူလူထုကို ကာကွယ်ပေးသည့် ရဲတပ်ဖွဲ့၏ လုပ်ဆောင်ချက်သည် ဒီမိုကရေစီနိုင်ငံများအတွက် မရှိမဖြစ်အရေးပါသောအစိတ်အပိုင်း ဖြစ်ပါသည်။ ရဲတပ်ဖွဲ့၏ ပြုပြင်ပြောင်းလဲရေးသည် တရားဥပဒေစိုးမိုးရေးကို အခြေခံသည့် ဒီမိုကရေစီ လူ့အသိုင်းအဝိုင်းအတွက် လိုအပ်ချက်တစ်ခု ဖြစ်ပါသည်။

ထို့ကြောင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီသည် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ ပြည်သူဗဟိုပြု ရဲလုပ်ငန်းစဥ်(Community Policing) နှင့် လူစုလူဝေးအား စနစ်တကျ ထိန်းသိမ်းရေးအပိုင်းများ (Crowd Management) အတွက် ဥပရောပသမဂ္ဂ(EU)၏ အကူအညီဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား သင်တန်းပေးရန်အစီအစဥ်ကို တောင်းဆိုခဲ့ပါသည်။ ယင်းလုပ်ငန်း အစီအစဥ်ကို ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလတွင် စတင်ခဲ့ပြီး ၁၈ လ ကြာမြင့်မည်ဖြစ်ပါသည်။

ပြည်သူဗဟိုပြု ရဲလုပ်ငန်းစဥ်(Community Policing) ကို နမူနာမြို့နယ်အဖြစ် ရန်ကုန်တိုင်း ဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့ကို ရွေးချယ်ခဲ့ပြီး လုပ်ငန်းတိုးတက်မှုအရ စမ်းချောင်းမြို့နယ်ကို ထပ်မံရွေးချယ်ခဲ့ပါသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရွေးချယ်ပေးခဲ့သော ရဲအရာရှိများကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလမှစပြီး ပြည်သူဗဟိုပြု ရဲလုပ်ငန်းစဥ်များသင်တန်း (ဝန်ဆောင်မှုများပေးခြင်းလုပ်ငန်း၊ ပူးပေါင်း ဆောင်ရွက်ခြင်းလုပ်ငန်း၊ ပြဿနာဖြေရှင်းခြင်းလုပ်ငန်း)ကို စတင်ပေးခဲ့ပါသည်။ ထိုသင်တန်း များအတွင်း ဥပရောပသမဂ္ဂ သင်တန်းဆရာများနှင့် နည်းပြများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင် သင်တန်းဆရာများကိုယ်တိုင် သင်တန်းသားများအား သင်တန်းပို့ချပေးနေပါသည်။

ဥရောပသမဂ္ဂ(EU) နိုင်ငံ၏ အတွေ့အကြုံရင့်ကျက်သည့် ရဲအရာရှိများက နိုင်ငံသားတို့၏ ဒီမိုကရေစီအခွင့်အရေးကို လူထုဆန္ဒဖော်ထုတ်ပွဲများတွင် ကာကွယ်ထိန်းသိမ်းပုံ၊ တစ်ချိန်တည်းတွင် လူစုလူဝေးလိုက် အကြမ်းဖက်မှုများ၊ ဘာသာရေးအကြမ်းဖက်မှုများ၊ ဆန္ဒဖော်ထုတ်မှုများဆိုင်ရာ အကြမ်းဖက်မှုများ (Protest Related Violence) ကို အတတ်နိုင်ဆုံး အင်အားအနည်းဆုံးအသုံးပြု၍ ကာကွယ်ရပ်တန့်နိုင်ပုံကို ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့တွင် သင်တန်းပို့ချနေပါသည်။

နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးကို အခြေခံသည့် ဒီမိုကရေစီ လူ့အဖွဲ့အစည်းအဖြစ်သို့ ပြုပြင်ပြောင်းလဲရာတွင် ရဲတပ်ဖွဲ့သည် အရေးပါသည့် အခန်းကဏ္ဍတစ်ခုဖြစ်ပါသည်။ ထို့ကြောင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌသည် ဥရောပသမဂ္ဂအား ရဲတပ်ဖွဲ့၏ ပြည်သူဗဟိုပြု ရဲလုပ်ငန်းစဥ်နှင့် လူစုလူဝေးအား စနစ်တကျထိန်းသိမ်းခြင်းများအတွက် ပံ့ပိုးပေးရန် တိုက်တွန်းခဲ့ပါသည်။ ရည်ရွယ်ချက်မှာ ရဲတပ်ဖွဲ့အား ပြည်သူလူထုနှင့် ပိုမိုနီးကပ်လာစေရန်၊ ပြည်သူများ ယုံကြည်အားထားသော လူထုအခြေပြုရဲလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်၊ ရဲတပ်ဖွဲ့၏ မူဝါဒအတွေးအခေါ်နှင့် ဥပဒေမူဘောင်ပြုပြင်ပြောင်းလဲရေးကို ကူညီပေးရန်တို့ဖြစ်ပါသည်။ ယခုအခါ ထိုစီမံကိန်းအား သက်ဆိုင်ရာအာဏာပိုင်တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

**မူကြမ်း**

တဖန် ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့မှ ၈ ရက်နေ့အထိ လွှတ်တော်ရုံးခွဲ(ရန်ကုန်)၌ အလုပ်ရုံဆွေးနွေးပွဲကို ပြုလုပ်ခဲ့ပါသည်။ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီနှင့် လွှတ်တော်ရုံးမှဝန်ထမ်းများလည်း ပါဝင်တက်ရောက်ခဲ့ကြပါသည်။ ထိုအလုပ်ရုံဆွေးနွေးပွဲကို တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ၏ တောင်းဆိုချက်အရ ဥရောပသမဂ္ဂ(EU)၏ ပံ့ပိုးကူညီမှု၊ လက်နက်ကိုင်တပ်ဖွဲ့များအား ဒီမိုကရေစီကျကျ ထိန်းချုပ်ခြင်းဆိုင်ရာ ဂျနီဗာစင်တာ (DCAF) နှင့် ရန်ကုန်ရှိ အပြည်ပြည်ဆိုင်ရာစီမံခန့်ခွဲရေးအုပ်စု (IMG)တို့ ပူးပေါင်းမှုဖြင့် ကျင်းပခဲ့ခြင်းဖြစ်ပါသည်။

၆-၈-၂၀၁၄ ရက်နေ့တွင် တာဝန်ခံမှုနှင့် ရဲတပ်ဖွဲ့ဆိုင်ရာ တရားဥပဒေပြဋ္ဌာန်းမှု ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ခဲ့ကြပါသည်။ ရဲတပ်ဖွဲ့အား လွှတ်တော်ထံ ပို၍တာဝန်ခံလာစေရန်နှင့် ရဲတပ်ဖွဲ့၏တာဝန်ခံမှုနှင့် ရဲတပ်ဖွဲ့ဆိုင်ရာဥပဒေများပြဋ္ဌာန်းရန်ကိစ္စရပ်များကို ဆွေးနွေးခြင်းတို့ဖြင့် တရားဥပဒေစိုးမိုးရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေး၊ လူ့အခွင့်အရေးကာကွယ်ခြင်း လုပ်ငန်းစဉ်တို့အား အထောက်အကူပေးပါသည်။ ရဲတပ်ဖွဲ့၏ အရပ်သားအသွင်အပြင်လက္ခဏာ၊ ရဲတပ်ဖွဲ့၏ လုပ်ပိုင်ခွင့်၊ ရဲတပ်ဖွဲ့အားကြီးကြပ်ခြင်း၊ ရဲတပ်ဖွဲ့၏လုပ်ပိုင်ခွင့်များ သုံးစွဲရန်ခွင့်ပြုခြင်း၊ ရဲတပ်ဖွဲ့အတွင်း သမာသမတ်ရှိရေး ထိန်းကျောင်းမည့်ယန္တရားများနှင့် ပြင်ပတိုင်ကြားရေးအဖွဲ့အစည်းများကိစ္စရပ်တို့ကိုလည်း ဆွေးနွေးခဲ့ကြပါသည်။

၇-၈-၂၀၁၄ နှင့် ၈-၈-၂၀၁၄ ရက်နေ့တို့တွင် တရားဥပဒေစိုးမိုးမှုမြှင့်တင်ရေး အခြေခံဖြင့် ရဲတပ်ဖွဲ့အပေါ် လွှတ်တော်မှ ကြီးကြပ်မှုခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ခဲ့ကြပါသည်။

ထိုဆွေးနွေးပွဲတွင်-

(၁) ရဲတပ်ဖွဲ့ တာဝန်ခံမှုတွင် လွှတ်တော်၏ အခန်းကဏ္ဍကို မည်သို့မြှင့်တင်နိုင်မည်၊ မည်သည့်စနစ်များ၊ လုပ်ငန်းစဉ်များနှင့် အလေ့အကျင့်များကို သုံးစွဲနိုင်မည်၊

(၂) ရဲတပ်ဖွဲ့အား ကြီးကြပ်ရန် တာဝန်အပ်နှင်းခံရသော လွှတ်တော်ကော်မတီများ၏ ထိရောက်မှုကို မည်သို့ မြှင့်တင်နိုင်မည်၊

(၃) မြန်မာနိုင်ငံရဲတပ်ဖွဲ့အား လွှတ်တော်က ကြီးကြပ်ရာတွင် လက်ရှိဆောင်ရွက်နေသည့် အခန်းကဏ္ဍနှင့် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများ မည်သို့ရှိသည်၊

(၄) မြန်မာနိုင်ငံရဲတပ်ဖွဲ့အား လွှတ်တော်က ကြီးကြပ်ရာတွင် မည်သည့်နေရာများမှ စတင်ဆောင်ရွက်မည်တို့ ပါဝင်ခဲ့ပါသည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အပံ့ဖြစ်စေနိုင်ပါသည်။

ထို့အပြင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ အားပေးထောက်ခံမှုဖြင့် နိုင်ငံတော်အတွင်း တရားဥပဒေစိုးမိုးရေးစင်တာများ ဖွင့်လှစ်နိုင်ရေးအတွက် အမျိုးသားလွှတ်တော်၊ ပြည်သူတို့၏ တိုင်ကြားစာများ စိစစ်ဆောင်ရွက်ရေးကော်မတီ၊ အမျိုးသားလွှတ်တော်ကော်မရှင်၊ ပြည်သူ့လွှတ်တော်ကော်မရှင်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် UNDP တို့မှ တာဝန်ရှိသူများနှင့် ညှိနှိုင်းအစည်းအဝေးကို (၉) ကြိမ် ပြုလုပ်ခဲ့ပါသည်။

ယင်းအစည်းအဝေးများတွင် မန္တလေးမြို့နှင့် လားရှိုးမြို့တို့တွင် Pilot Project ဖွင့်လှစ်ရန်၊ ၂၀၁၅ ခုနှစ်တွင် တရားဥပဒေစိုးမိုးရေးစင်တာများ ဖွင့်လှစ်နိုင်ရန်၊ ပြည်တွင်းပြည်ပပညာရှင်များက သင်တန်းပို့ချပေးနိုင်ရန်၊ တရားသူကြီး၊ ဥပဒေအရာရှိ၊ ပြည်သူ့ရဲ၊ ရှေ့နေနှင့် အုပ်ချုပ်ရေးဌာနဝန်ထမ်းများ သင်တန်းတက်ရောက်နိုင်ရန်၊ သင်တန်းတွင် တရားဥပဒေနှင့်စပ်လျဉ်းသည့် အရည်အသွေးများ၊ ဗဟုသုတများ၊ ကျင့်ဝတ်များ၊ နိုင်ငံတကာ တရားဥပဒေစိုးမိုးရေးအခြေခံမူများကို သင်ကြားပေးရန်၊ စာမေးပွဲစနစ်ပါဝင်ပြီး အောင်လက်မှတ်ပေးရန်၊ သင်ရိုးညွှန်းတမ်းရေးဆွဲရာတွင် တက္ကသိုလ်သင်ရိုးညွှန်းတမ်းနှင့် ညှိနှိုင်းရေးဆွဲရန်၊ အသုံးစရိတ်များကို တိတိကျကျခြိုးခြံချွေတာသုံးစွဲရန်၊ တရားဥပဒေစိုးမိုးရေးစင်တာများ၏ အုပ်ချုပ်မှုအပိုင်းအား မည်သည့်အဖွဲ့အစည်းလက်အောက်တွင်မျှ မထားရန်တို့ကို ဆုံးဖြတ်ခဲ့ကြပါသည်။

ထို့နောက် တရားဥပဒေစိုးမိုးရေးဌာနများ တည်ထောင်ရေးညှိနှိုင်းမှုကော်မတီ (Coordinating Committee) ဖွဲ့စည်းနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်နာယက ဦးစီး၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကော်မတီ၊ ကော်မရှင်များနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်တို့ပါဝင်သည့် ၆-၁၁-၂၀၁၃ ရက်နေ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆုံးဖြတ်ခဲ့ကြပါသည်။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၁၉-၁၁-၂၀၁၃ ရက်စွဲပါ၊ စာအမှတ်၊ ၂/ပထ (ကော်မတီ-၂)/၂၀၁၃-၂၀၈ ဖြင့် ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ညှိနှိုင်းမှုကော်မတီအဖွဲ့ဝင်အမည်များ တောင်းခံခဲ့ပါသည်။ ထိုစဉ်က ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၁၂-၁၂-၂၀၁၃ ရက်စွဲပါ၊ စာအမှတ်၊ ၂၁/၄၅၃(၁၀-ပထစ)/အဖရ(၂၀၁၃)ဖြင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊

ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့၏ ကိုယ်စားလှယ်အဖွဲ့ဝင် အမည်စာရင်းများကို ညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးသို့ ပြန်လည်ပေးပို့ခဲ့၍ ရရှိခဲ့ပြီးဖြစ်ပါသည်။ ထိုနည်းတူ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၏ ၂၆-၁၁-၂၀၁၃ ရက်စွဲပါ၊ စာအမှတ်၊ ၅၈၁/သုတေသန/၄၈/၂၀၁၃ ဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၏ကိုယ်စားလှယ်အဖွဲ့ဝင် အမည်စာရင်းကိုလည်း ညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးသို့ ပြန်လည်ပေးပို့ခဲ့၍ ရရှိခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ စက်တင်ဘာလထဲတွင် မန္တလေးမြို့နှင့် လားရှိုးမြို့တို့၌ တရားဥပဒေစိုးမိုးရေးစင်တာ (Pilot Project) များ ဖွင့်လှစ်ခါနီး၌ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၁၀-၇-၂၀၁၄ ရက်စွဲပါ၊ စာအမှတ်၊ ၁၃/၄၃၇(၁၆-ပထစ)/အဖရ(၂၀၁၄)ဖြင့် တရားဥပဒေစိုးမိုးရေးဌာနများ တည်ထောင်ရေးညှိနှိုင်းမှုကော်မတီဖွဲ့စည်းရေးအား နိုင်ငံ့ဝန်ထမ်းများမပါဝင်စေဘဲ လွှတ်တော်အစီအစဉ်ဖြင့်သာ ဆောင်ရွက်သင့်ပါကြောင်း၊ တရားဥပဒေစိုးမိုးရေးကိစ္စများနှင့်ပတ်သက်၍ ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ပါက ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ပါဝင်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းတို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁ ပုဒ်မခွဲ(က)ကို ကိုးကား၍ မူလသဘောထားနှင့် ကွဲလွဲပြီး ပြန်ကြားခဲ့ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကလည်း တရားသူကြီး(၁၂၀၀)သာရှိသဖြင့် သင်တန်းသို့လွှတ်ရန် အခက်အခဲရှိသည်ဟု ပြောကြားပြီး ငြင်းပယ်ခဲ့ပါသည်။ အထက်ကလည်း တရားဝင်ခွင့်ပြုချက်မရ အမှုများကလည်း များပြားသဖြင့် အမှုများစီရင်ရာတွင် နှောင့်နှေးကြန့်ကြာပါက ပြဿနာများရှိလာနိုင်သည်ဟု ပြောကြားခဲ့ပါသည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြည်သူ့ရဲတပ်ဖွဲ့တို့ကလည်း သင်တန်းသို့စေလွှတ်ရန် တရားဝင်ခွင့်ပြုချက် လိုအပ်ကြောင်းတို့ကို ပြောကြားခဲ့ပါသည်။ ဤကဲ့သို့ အခြေအနေရှိသော်လည်း ကော်မတီအနေဖြင့် မန္တလေးနှင့်လားရှိုးတို့တွင် Pilot Project များကို နိုဝင်ဘာလတွင် ဖွင့်လှစ်နိုင်ရေးအတွက် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၊ အလှူရှင်နိုင်ငံများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

တရားဥပဒေစိုးမိုးရေးကိစ္စသည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်ကြီးသုံးရပ်လုံးနှင့်သက်ဆိုင်ပြီး ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ရမည့်လုပ်ငန်း ဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်သည် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အပြန်အလှန်ထိန်းကျောင်းခြင်းကိုသာ ဆိုလိုခြင်းဖြစ်ပါသည်။ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်းမပြုရဟု ကန့်သတ်ထားခြင်းမဟုတ်ပါ။ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်

ခြင်းဖြင့် နိုင်ငံတော်တွင် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်မည်ဖြစ်ပါသည်။ ယခင်က လည်း လက်ပံတောင်းတောင်ကြေးနီစီမံကိန်းကိစ္စတွင် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခဲ့သဖြင့် လုပ်ငန်း များ အောင်မြင်သည့် သာဓကများရှိခဲ့ပါသည်။ ထို့အပြင် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီတွင်လည်း ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်များ ပါဝင်လျက်ရှိပါသည်။

ဤကော်မတီသို့ တစ်နှစ်တာအတွင်း တိုင်ကြားစာပေါင်း ၇၂၇၀ စောင် ရရှိပါသည်။ တရား စီရင်ရေးနှင့်စပ်လျဉ်း၍ ၃၅၀၀ စောင်၊ လယ်ယာမြေနှင့် စပ်လျဉ်း၍ ၂၅၀၀ စောင်၊ အုပ်ချုပ်ရေးနှင့် စပ်လျဉ်း၍ ၁၁၇၀ စောင်၊ တပ်မတော်နှင့် စပ်လျဉ်း၍ ၁၀၀ စောင် တို့ဖြစ်ကြပါသည်။ ထိုတိုင်ကြားစာ များအား သက်ဆိုင်ရာလွှတ်တော်ကော်မတီနှင့် ကော်မရှင်များအဖွဲ့အစည်းများသို့ ပေးပို့ဆောင်ရွက် လျက်ရှိပါသည်။ အထူးသဖြင့် တရားရုံးများ စောင့်ကြည့်လေ့လာရေး၊ လွတ်လပ်သည့်အဖွဲ့အစည်း များရှိသင့်ကြောင်း အလေးအနက်အကြံပြုပါသည်။ လယ်ယာမြေကိစ္စများတွင်လည်း နိုင်ငံတော်မှ ချမှတ်သော လမ်းညွှန်ချက်များကို ဒေသဆိုင်ရာအာဏာပိုင်များ လိုက်နာဆောင်ရွက်ခြင်းမရှိကြောင်း တွေ့ရှိရပါသည်။ အုပ်ချုပ်ရေးပိုင်းတွင်လည်း ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်နည်းလုပ်ဟန်များ မတွေ့ရှိရဘဲ ဗျူရိုကရေစီအလေ့အကျင့်များ ရှိနေပါသေးသည်။ ဤကော်မတီအနေဖြင့် မိမိတို့နိုင်ငံ တွင် ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးရရှိရေးအတွက် တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေး လုပ်ငန်းစဉ်များကို ဆထက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အစီရင်ခံတင်ပြအပ် ပါသည်။

၁၆-၉-၂၀၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်း ရေးကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**တရားဥပဒေ စိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် တရားဥပဒေ စိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီရဲ့ အစီရင်ခံစာကို ဆွေးနွေးလိုတဲ့ လွှတ်တော် ကိုယ်စားလှယ်များရှိပါက ၂၉-၉-၂၀၁၄ ရက်နေ့ ၁၅း၀၀ နာရီအချိန်နောက်ဆုံးထား၍ အမည်စာရင်း ပေးပို့ရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**မူကြမ်း**

**စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီကတင်သွင်းသည့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့်အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီကတင်သွင်းသော ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပထမကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ဆဋ္ဌမနေ့ ၂၂-၉-၂၀၁၄ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၅-၉-၂၀၁၄ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးသွင်းရန် တောင်းခံခဲ့ပြီးလည်းဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလာတဲ့ ကိုယ်စားလှယ်များတစ်ဦးမျှ မရှိပါ။ ဒါကြောင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့်အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၂)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက် (အင်္ဂါနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၀၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ကို ၁၂း၀၅ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**